# အခန်းကြီး (၇)

## ဒါဝင်လမ်းကြောင်းမှ ဟက်တလာဆီသို့

၁၈၅၉တွင် ဗြိတိန်နိုင်ငံ၌ ဇစ်မြစ်စာအုပ်ကို စတင်ရောင်းချပြီး (၁၇)ရက်ခန့်အကြာ၌၊ ဂျာမန်သိပ္ပံပညာရှင် ဟိန်းရစ်ချ် ဘရွန်း (Heinrich Bronn)သည် ဂျာမန်ဘာသာသို့ ပြန်ဆိုရန် စီစဉ်ထားပြီးဖြစ်နေသည်။ ဘရွန်းသည် ထင်ရှားသော ဂျာမန်ဘူမိဗေဒ ပညာရှင်တစ်ဦးဖြစ်ပြီး၊ လွတ်လပ်စွာ ဘာသာပြန်ဆို တည်းဖြတ်ထားသော ဇစ်မြစ်ကို ပုံနှိပ်ထုတ်ဝေ ခဲ့သည်။ သူဘာသာပြန်ဆိုရာ၌ ဒါဝင်၏အရေးကြီးသော အယူအဆများအပေါ် ဝေဖန်ချက်များတွင် သူကိုယ်ပိုင် အယူအဆ များကို ဖြည့်စွက်ထားသည်။ ဘရွန်းသည် သူ၏ဂျာမန်ဘာသာမူကွဲဖြစ်သော ဒါဝင်၏ဇစ်မြစ် (Origin) စာအုပ်ကို ထုတ်ဝေ ရာ၌ သက်ရှိမဟုတ်သော ဒြပ် (inorganic Matter) သည် သက်ရှိမူလဒြပ် (Organic Matter) အဖြစ်ပေါ်ပေါက်လာနိုင် သည် ဟူသော အယူအဆသည် ဆင့်ကဲဖြစ်စဉ် (evolution) သည် အလိုအလျောက်ဖြစ်ပေါ်သော မျိုးဆက် (spontaneous generation) နှင့် သေချာပေါက်ဆက်စပ်မှုရှိကြောင်းကို ဖော်ပြရန် အသုံးပြုခဲ့သည်။ သိပ္ပံပညာရှင် လူဝစ္စပတ်စဲချာက၊ အသက်ဇီဝသည် သက်မဲ့အဇီဝမှ ပေါ်ပေါက်လာနိုင်ခြင်းမရှိ ဟူသော လက်တွေ့စမ်းသပ်မှာ စာစဉ်အားဖြင့် ဖော်ပြခဲ့သော်ငြားလည်း ပြင်သစ်ပြည် ပဲရစ်မြို့တော်၌ အလိုအလျောက်ဖြစ်ပေါ်သော မျိုးဆက်နှင့်သက် ဆိုင်သော မေးခွန်းဖြစ်သည့် သိပ္ပံပညာဆိုင်ရာ ငြင်းခုံမှုများပေါ်ပေါက် နေချိန်တွင် ဘာသာပြန်စာအုပ်ကို ထုတ်ဝေခဲ့ခြင်းဖြစ်သည်။

ဘရွန်းက ဒါဇင်၏အတွေးအခေါ်မှ ဖန်တီးခဲ့သော ဘာသာရေးဆိုင်ရာ ပြဿနာများကို သက်သေအထောက်အထား ဖြင့် အခန်းတစ်ခုကိုလည်း ရေးသားဖြည့်စွက်ခဲ့သည်။ အသက်ဇီဝသည် သက်မဲ့အဇီဝမှ ဖြစ်ပေါ်လာနိုင်ကြောင်း သက်သေပြနိုင်ခဲ့ပါလျှင် စာဖတ်သူများကလည်း သက်သေမပြနိုင်သော မျိုးရိုးပြောင်းလဲခြင်းအဆိုပြုချက်တစ်ခုကို စဉ်းစား ဆင်ခြင်ရမည်ဟု သူကပြော ဆိုခဲ့ပါသည်။ ဒါဝင်က ဤကဲ့သို့ အနှောင်အတည်းမဲ့ ဘာသာပြန်ထားသော ၁၈၆၀ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့သည့် ဝေဖန်ချက်များ ရောမွှေထားသည့် ဘာသာပြန်ချက်ကို နှစ်မြို့ခြင်းမရှိခဲ့ပေ။ ထို့နောက် ပိုမိုတိကျသည့် လုံးစေ့ပတ်စေ့ ဘာသာပြန်တစ်ခုက ၁၈၆၇ခုနှစ်တွင် လိုက်ပါလာခဲ့သည်။ ၎င်းမှာ ဒါဝင်၏ ဆင့်ကဲဖြစ်စဉ်

ဝါဒီဖြစ်ပြီး သူအနီးကပ် လုပ်ဖော်ကိုင်ဖက်တစ်ဦးဖြစ်သည်။ ပါမောက္ခ ဂျူလီယမ်ဗစ်တာကားရပ် (Professor Julius Victor Carus) က စတုတ္ထမြောက် ဘာသပြန် တစ်ခုကို တည်းဖြတ်ထုတ်ဝေခြင်းဖြစ်သည်။

ဂျာမန်များကြားထဲ၌ လတ်တလော ကျယ်ကျယ်ပြန့် ပြန့် ပြန်နှံ့နေ သည်။ လူဒ်ဝင့်ဖိန်းဘက် (Ludwig Feuerbach) ခရစ်ယာန်ဆန့်ကျင်ရေး အယူအဆ ဝင်ရောက်နေချိန်နှင့် တချိန်တည်းမှာပင် ဇစ်မြစ် (Origin) သည် ဂျာမန်ယဉ်ကျေးမှုထဲသို့ ဝင်ရောက်လာခဲ့သည်။ ဆင့်ကဲဖြစ်စဉ်အတွက် ဂျာမန် တို့၏စိတ်နေသဘောထားကို ပြင်ဆင်ရန် ကူညီပေးသည့် ဖိန်းဘက်က ၁၈၄၁ခုနှစ်တွင် ခရစ်ယာန်ဘာသာရေးအမှတ်တရဟူသော စာအုပ်ကိုထုတ်ဝေ ခဲ့သည်။ ဤကဲ့သို့သော ယုံကြည်မှု ကင်းမဲ့သော စာတမ်းမှာ သုံးကြိမ်တိုင်အောင် ထပ်မံထုတ်ဝေခဲ့ရပြီး ယင်းကအတိအလင်းကြေငြာထားသည်မှာ ဘုရားသခင် ရှိသည်ဟူသော အယူအဆမှာ အိမ်မက်တခုသာဖြစ်ပြီး၊ လူသားတို့၏ တွေးခေါ် ဆင်ခြင်မှုနှင့်လုံခြုံမှုအတွက် ပြင်းပြသော ဆန္ဒတို့က မွေးထုတ်လိုက် ခြင်းသာဖြစ်သည်ဟု ဆိုထားပါသည်။ ဖိန်းဘက်က ဆင်ခြင်တက်သည်မှာ ခရစ်ယာန်ဘာသာသည် "သူတို့၏တကိုယ်ရေတိုးတက်မြင့်မားရေးအတွက် မှားယွင်းသော ကောင်းကင်ဆိုင်ရာ အယူအဆတစ်ခု" သာဖြစ်သည်။

ဖိန်းဘက်၏ဘုရားမဲ့ဝါဒက ကျယ်ပြန့်သော လူထုအများစု၏ ထောက်ခံမှုမရရှိသောအခါ သူ၏အယူအဆများသည် အဆင့်မြင့်ပညာတတ်နှင့်ချမ်းသာ သူလူနည်းစု အပေါ်ဩဇာလွှမ်းမိုးလာသည်။ (Origin) ဇစ်မြစ် ဂျာမဏီသို့ ရောက်ရှိလာ သောအခါ ဘုရားမဲ့ဝါဒီများအတွက် သိပ္ပံနည်းကျသော ဆင်ခြင်တစ်ခုအဖြစ် ဩဇာအာဏာရှိသူတစုက စိတ်အားထက်သန်စွာ ကြိုဆိုကြသည်။ ဒါဝင်၏လုပ်ဆောင်ချက်က ဖိန်းဘက်ထက် ပိုမို၍ဆွဲဆောင်မှုရှိကြောင်း သက်သေပြသည်။ အဘယ့်ကြောင့်ဆိုသော် ဂျာမန်ဘုရားမဲ့ဝါဒီတို့က ပီပြင်ရှင်း လင်းမှုမရှိသော ဆင်ခြင်များနှင့် ငြင်းခုံမှုများကို အသုံးပြုချိန်တွင် ဒါဝင်က သဘာဝမှ ခိုင်မာသောတွေ့ရှိချက်များကို ထုတ်ပေးနိုင်စွမ်းရှိသည်။ သူ၏အကျိုး သင့် အကြောင်းသင့် ရှင်းပြချက်တို့သည် သူ၏ရှာဖွေတွေ့ရှိချက်ထဲမှ ထွက်ပေါ်လာပြီး သူ၏မှန်းဆချက်များမှာ ထူးခြားစစ်မှန်သော သဘာဝအကြောင်း အရာများနှင့် စပ်လျဉ်းသည့် အကြောင်းအရာများဖြစ်သောကြောင့်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေကာမူ ဇစ်မြစ် (Origin) သည် ဂျာမဏီ၏ ဒါဝင်ဝါဒီများကို ဦးဆောင်နေသော ဘားဟိန်ကယ် (Ernst Haeckel) အတွက် ခွန်အားရှိစေသည်။ သူသည် စာအရေးသွက်သော စာရေးဆရာနှင့် ပန်ချီအနုပညာရှင် တစ်ဦးဖြစ်သည်။ သူသည် (၁၉)ရာစု နှောင်းပိုင်းနှင့် (၂၀)ရာစု အစောပိုင်းကာလများ၏ ဂျာမဏီလူ့အဖွဲ့အစည်းတွင် ကျော်ကြားသော ဂျာမန်စာရေးဆရာနှင့် နိုင်ငံကျော် ပုဂ္ဂိုလ်တစ်ဦးဖြစ်ခဲ့သည်။ သူ၏စာအုပ်များဖြစ်သော ဖန်ဆင်းခြင်း ၏သဘာဝသမိုင်း (*Natural History of Creation)* ၁၈၆၈၊ စကြဝဠာ၏ခက်ခဲသော ပုစ္ဆာ (*Riddle of the Universe*) ၁၈၉၉ နှင့် သက်ရှိ၏အံ့ဩဖွယ်ကောင်းသောအရာများ (*The Wonders of Life*) ၁၉၀၄ တို့သည် ဂျာမန်အလုပ်သမား လူတန်းစားနှင့် ပညာတတ်နှစ်မျိုးစလုံးဆီသို့ ဒါဝင်၏အယူအဆများကို လွှင့်ထုတ်ပေးသော၊ ဂျာမဏီနိုင်ငံ၏ အရောင်းရဆုံး စာအုပ်များ ဖြစ်ကြသည်။ ဟိန်းကယ်စ်ဒါဝင်ဝါဒီ ဖော်ထုတ်ချက်များသည် ပညာတတ်ဝန်းကျင် အသိုင်းအဝိုင်း၌ဆွေးနွေး သည့်ခေါင်းစဉ်အဖြစ်သာမကဘဲ ဂျာမန်ဘီယာ ခန်းမများ၌ ငြင်းခုံကြသော အကြောင်းအရာများဖြစ်ကြသည်။

လူမျိုးခွဲခြားဝါဒနှင့်အမျိုးသားရေးဝါဒကို ကျလာအောင်ပြောဆိုရသော ငြင်းခုံဆွေးနွေးမှုများအတွက် သူ၏ ဒါဝင်ဝါဒကို အခြေခံအဖြစ် တည်ဆောက်ခဲ့ကြသော ဟစ်တလာနှင့် သူ၏အပေါင်းအပါများကိုလည်း သူ၏အမွေအနှစ်က တွန်းအားပေးခဲ့ခြင်းဖြစ်သည်။ ဟိန်းကယ်၏ကျော်ကြား သော ကိုးကားချက်ဖြစ်သည့် "နိုင်ငံရေးဆိုသည်မှာ ဇီဝဗေဒကို အသုံးချခြင်း ပင်ဖြစ်သည်" မှာ နာဇီဝါဒဖြန့်ချီရေးသမားများနှင့် ဟစ်တလာကိုယ်တိုင်၌က ကျယ်ပြန့်စွာ အသုံးချခဲ့သော ဆောင်ပုဒ်ဖြစ်သည်။

ဟိန်းကယ်က အမည်ခံမျှသာဖြစ် နိမ့်ကျသည့်လူမျိုးနွယ်စုတို့၏ သဘာဝသည် သဘာဝရွေးချယ်မှု နိယာမအားဖြင့် အမြစ်ပြတ်သုတ်သင်ရှင်း လင်းခြင်းခံရမည်ဟု ယုံကြည်ခဲ့သည်။ ဥရောပသားတို့သည် အမြင့်မြတ်ဆုံးဖြစ် ကြပြီး အခြား မျိုးနွယ်တို့သည် အဆင့်အတန်းနိမ့်ကျကြသည်၊ အမေရိကန်လူနီ တိုင်းရင်းသား သို့မဟုတ် သြစတေးလျအဆိုရီဂျင်း တိုင်းရင်းသားတို့သည် မျိုးသုဉ်ကွယ်ပျောက်သွားမည့် ကြမ္မာဆိုးရှိသူများဖြစ်ကြသည်။ သူရှင်းပြထား သည်မှာ အကယ်၍ ဤမျိုးနွယ်များသည် လူဖြူဥရောပသားများထက် ပိုမိုများပြားစွာ မျိုးပွားလာကြသည့်တိုင်အောင် သူတို့သည် နောက်ပိုင်း ကာလ များတွင် အနေးနှင့်အမြန် တနေ့နေ့ တချိန်ချိန်တွင် အသက်ရှင်ရပ်တည်ဖို့ ရုန်းကန်လှုပ်ရှားရင်းဖြင့် မလွန်ဆန်တော့ဘဲ ကွယ်ပျောက်သွားကြရ မည်ဖြစ်သည့် ဂျာမဏီ၏ ကိုလိုနီဝါဒကို ထောက်ခံအားပေးသော ဟိန်းကယ်က (Eternity) ထာဝရစာအုပ်တွင် ၁၉၁၇ ခုနှစ်၌ ရေးသားထားသည်မှာ ဥရောပ သားအုပ်စုမဟုတ်သူများသည် ရိုင်းစိုင်းသော မျိုးနွယ်များသာဖြစ်ကြသည်ဟု ဖော်ပြထားပါသည်။

ဒါဝင်မှဟစ်တလာသို့ (*From Dawin To Hitler*) စာအုပ် ရေးသားသူစာရေးစာရာ ရစ်ချတ်ဝိတ်ကတ် (Richard Weikart) ၏ သဘာဝ ဝန်းကျင်လေ့လာသူနှင့် အစုလိုက်အပြုံလိုက် လူသတ်သူတို့အကြား ဆက်နွယ်မှု ကွင်းဆက်များကို အသေးစိတ်သတိရှိစွာ ခြေရာခံသော တိုးတက်သည့် ဆန်းသစ်သော လုပ်ဆောင်ချက်တခုက မှတ်ချက်ပြုထား သည်မှာ လူမျိုးရေး၊ မျိုးပြုတ်ခြင်း အမြစ်ပြတ်သုတ်သင် ရှင်းလင်းခြင်းကို ထောက်ခံပြောဆိုရန် အတွက် ဟိန်ကယ်သည် အထင်အရှားဆုံးသော ဒါဝင်ဝါဒီတစ်ဦးဖြစ် သော်ငြားလည်း သူသည်ထိုကဲ့သို့ လုပ်ဆောင်မည့်သူတစ်ဦးမဟုတ်ပေ။ ပထဝီနှင့် လူသားမျိုးနွယ်စုအကြောင်း လေ့လာသည့် ဂျာမန်ဂျာနယ်တစ် စောင်၏ အယ်ဒီတာသည် လူသားမျိုးနွယ်ခြင်း ယှဉ်ပြိုင်ခြင်း အယူအဆ နှင့်နိမ့်ကျသော လူမျိုးနွယ်ပျက်သုန်းသွားမည့် အယူအဆကို လက်ခံယုံကြည် ခဲ့ပြီး အနည်းဆုံး တစ်နှစ်ကြာပြီး နောက်တွင်မှ ဇစ်မြစ် (Origin) ကို ပုံနှိပ်ထုတ် ဝေခဲ့ခြင်းဖြစ်သည်။ (*Das Ausland*) ၏ အယ်ဒီတာဖြစ်သူ အော်စကာပါစကယ် (Oscar Peschel) ကပြောသည်မှာသူတို့သည် သဘာဝ ရွေးချယ်ခြင်း၏နိယာမ (Law of Natural Selection) နှင့်အညီ လုပ်ဆောင်ခဲ့ခြင်းမျှသာဖြစ်သဖြင့် တိုင်းရင်းသား များကို သတ်ဖြတ်ခဲ့သည့်အတွက် စပိန်တို့ကို ပြစ်တင်ဝေဖန် ခြင်းမပြုသင့်ပေ။ ပါစကယ်၏အဆိုအရ

"အကယ်၍ ကျွန်ုပ်တို့သည် လူသားမျိုးနွယ်များ မျိုးသုန်းပျောက်ကွယ်ရ ခြင်းအကြောင်းကို သာမန်ဘူမိဗေဒ ပညာရှင်တစ်ဦး၏ အမြင်ဖြင့် လေ့လာသုံး သပ်ပါက သမိုင်းနှင့်ဆိုင်သော ဖြစ်စဉ်ဟုသာ သုံးသပ်မည်ဖြစ်ပြီး အကယ်စင်စစ် ဒါဝင်၏နိယာမကို လက်ခံသော ဘူမိဗေဒပညာရှင်တစ်ဦးဖြစ်ပါက ထိုကိစ္စများ အဓိကမကျသည့် သာမန်ဆင့်ပွား တိရိစ္ဆာန်များနှင့်သစ်ပင်အမျိုးအစားတို့၏ မျိုးသုန်ပျောက်ကွယ်ခြင်းကဲ့သို့သာဖြစ်သည်ဟု ကျွန်ုပ်တို့ပြောဆိုကြပေမည်။"

ဝိန်ကတ် (Weikart) ကမှတ်ချက်ပြုထားသည်မှာ ဂျာမဏီရှိဟိန်ကယ်နံဘေးရှိ အခြားသော စာရေးဆရာများမှာ ဒါဝင်၏ဖမ်းစား လွှမ်းမိုးမှု အောက်သို့ ရောက်ရှိလာသူများနှင့် အသင်းတော်၏အစဉ်အ လာနှင့်သက်ဆိုင်သော တားမြစ်ချက်များမှ လွတ်မြောက်ရန်၊ ဇစ်မြစ် (Origin) အယူအဆက မည်ကဲ့သို့ ကမ်းလှမ်းထားသည်ကို သူတို့၏ ကိုယ်ပိုင်

လှည့်ကွက်များဖြင့် ကမ်းလှမ်းနေသူများဖြစ်ပြီး အမှန်စင်စစ် ယင်းမှာဘုရား သခင် ထံမှ လွတ်မြောက်စေခြင်းပင်ဖြစ်သည်။ ကိုယ်ကျင့်သိက္ခာ နှင့် ဒါဝင်ဝါဒ (၁၈၇၁) (*Morality and Darwinism*) နှင့်ဆင့်ကဲ့ဆင့်ကဲပြောင်းလဲခြင်း ၏ အသိအမြင်ထဲမှ ကိုယ်ကျင့်သိက္ခာကို စစ်ဆေးသည့် အခြားစာအုပ်များကို ရေးသားခဲ့သူ ဘာသိုလိုမီယပ်ဗွန်ကာမီရီ (Bartholomaeus von Cameri) သည်။ ဟိန်ကယ်၏ မိတ်ဆွေကောင်းနှင့်ဩစတီးယားနိုင်ငံရေး သမားတစ်ဦး ဖြစ်သည်။ ကာရီနီအဖို့မှာ ဒါဝင်၏ တန်ဖိုးဆိုသည်မှာ လူတို့တွင် သဘာဝလွန် ဝိဉာဉ်တစ်ခုရှိဖို့ရန် မလိုအပ်သကဲ့သို့ပင် တစ်စုံတစ်ယောက်ကမျှလည်း ဖန်းဆင်ခြင်းကို တမင်သက်သက် ရှင်းပြနေရန်မလိုအပ်ပါ ဟူ၍ဖြစ်သည်။

စီးပွားရေးပညာရှင်အဲလ်ဘတ်အီးအက်ဖ်စကာဖလီး (Albest E.F Schaffle) သည် ကာနီရီနောက်ပိုင်း ဩဇာအရှိ ဆုံးသောစာရေးဆရာဖြစ်ပြီး ၁၈၇၀ခုနှစ်တွင် ဒါဝင်သီအိုရီကို လူ့ကျင့်ဝတ်ဆိုင်ရာများလက်တွေ့ကျင့်သုံးရာ၌ အသုံးချဖို့ ရေးသားခဲ့ပါသည်။ သူသည် အကျင့်သိက္ခာဆိုသည်မှာ ဘုရားသခင် ပေးထား သည့်အရာမဟုတ် သို့သော်ဆင့်ကဲ့ဖြစ်စဉ်၏ အကျိုးသက်ရောက် မှုဖြစ်သည်ဟု စွဲကိုင်ခဲ့သည်။ သူတို့သည်သူတို့ကိုယ်တိုင်၌က တခုတဖွဲ့လုံးနှင့်ဆိုင် သော မိမိတို့ရှင်သန်မှုအတွက် ကြိုးပမ်းခြင်း စွမ်းအင်၏မရှိမဖြစ် လိုအပ်နေသော အခြေခံအစိပ်အပိုင်းများဖြစ်ကြသည့်အချိန်မှစ၍ ဖြစ်တည်မှု အတွက် သီးခြားရွေးချက်စီစစ်ထားသော ရုန်းကန်လှုပ်ရှားမှု တလျှောက်လုံး၊ ဥပဒေသနှင့် ကိုယ်ကျင့်တရားတို့ပေါ်ထွန်း ဝင်ရောက်လာခဲ့ရသည်ဟု စကာဖီလ်ကရေး သားထားပါသည်။

မက်စ်နော်ဒေါင် (Max Nordau) ဆိုသူ၏ ၁၈၈၃ ခုနှစ်၌ ထုတ်၍ ၁၉၀၃ခုနှစ်တွင် မိတ္တူ (၅၀၀၀၀)ကျော်ရောင်းချခဲ့ရသည်။ ကျွန်ုပ်တို့ ယဉ်ကျေး မှု၏အစဉ်အလာလိုက်သော လိမ်ညာမှုများ (The Conventional Lies of our Civiligation) စာအုပ်ကလည်း လူ့ကျင့်ဝတ်၏အခြေခံမှုများသည် ထူးကဲသောဖွင့်ပြချက် (Transeandent Revelation) ၏ ထုတ်ကုန်မဟုတ်ပါ။ သို့သော်သဘာဝတရား၏ ရွေးချယ်မှုဖြစ်သည်ဟု ယုံကြည်ခဲ့ပါသည်။ သူက အသက်ရှင်သန်ရပ် တည်မှုအတွက် ရုန်းကန်လှုပ်ရှားရခြင်းသည် လူ့သမိုင်း၏ ကျယ်ပြန့်သော အဓိပ္ပါယ်အားလုံးထဲရှိ ၎င်း၏ပုံသဏ္ဌာန်ပင်ဖြစ်သည်ဟ ရေးသားထားပါသည်။ ၎င်း၏အပြင် အကယ်၍ဆင့်ကဲဖြစ်စဉ်သည် ဆက်တိုက် သွားနေသော ဖြစ်ပျက်မှုတစ်ခု၊ လူ့ကျင့်ဝတ်၏ ပုံသဏ္ဌာန်ဖြစ်ပါက ထိုအချိန်တွင် ကျင့်ဝတ်သည် သူ့ဖာသာသူ ပြောင်းလဲမှုကို တွေ့ကြုံ ခံစားရမည်ဖြစ်သည်။ မှန်ခြင်း မှားခြင်းတို့၏ စံနမူနာများသည် လုံးဝဥသုန်ပြည့်စုံခြင်းမဟုတ်ပါ။သို့သော်ပြောင်းလဲနိုင်ပါသည် ၎င်းအပြင် အဖွဲ့အစည်းထဲ၌ ဆင့်ကဲဖြစ်စဉ်၏ ဥပဒေသများကို နာခံရသည်။ ထို့ကြောင့် မမြဲသော အခြေအနေအတွင်းရှိ အသားမကျသေးသော အခြေအနေတစ်ခုဖြစ်သည်ဟု ရေးသားထားသည်။

ဝိန်းကတ်ကလည်း ရာဇဝတ်သားအပြုအမူသည် မျိုးရိုးလိုက်ခြင်း ဖြစ်သည်ဟု ယုံကြည်သော အီတလီစိတ်ပညာ ရှင် ဆီဆာလမ်ဘရိုစာ (Cesare Lombrosa) ၏ ဩဇာအရှိန်အဝါတို့ကိုလည်း သတိပြုမိခဲ့သည်။ လမ်ဘရိုစာ (Lombrosa) ၏ အယူအဆများ ဂျာမဏီတွင် အငြင်းဘွယ်ဖြစ်နေစဉ်၌ ဝိန်းကတ်၏ ဖော်ပြချက်မှာ မွေးရာပါရာဇဝတ်သား သို့မဟုတ် အနည်းဆုံး မျိုးရိုးလိုက်ခြင်း၏ အရေးကြီးသော သုစရိုက်နှင့်ဒုစရိုက် အပြုအမူများ၌ ပါဝင်ပါတ်သက်ခြင်းများ သည် ၁၉ရာစု နှောင်းပိုင်းနှင့် ၂၀ ရာစုအစောပိုင်း ကာလ၊ ဂျာမဏီစိတ်ရောဂါကုသမှုတွင် တဖြည်းဖြည်းပို၍ အရှိရလာခဲ့ သည်ဟုဆိုထားပါသည်။

ဝိန်းကက်အဆိုရ ဂျာမဏီတွင် ၁၈၉၀ခုနှစ်များနှင့် ၁၉၀၀ အစောပိုင်း နှစ်များတွင် ဒါဝင်ဝါဒသည် ဤကဲ့သို့ ခိုင်မာစွာ အမြစ်တွယ်လာခြင်းအားဖြင့် လှုပ်ရှားနိုးထလာရခြင်းဖြစ်သည်။ ဤအချိန်တွင် ဝိန်းကက်ရေးသားထား သည်မှာ လူမျိုးရေးဆိုင်ရာ ထင်မြင်ယူဆချက်များသည် အများစုမှာဒါဝင် ဝါဒီများ၏ ဟောပြောနည်းအတတ်ပညာဖြင့် ရောစွတ်ခြင်းအားဖြင့် အရှိန် တက်လာပြီး ခါတိုင်းထက်ပိုမိုကျယ်ပြန့်သော ပရိတ်သက်များ၏ စိတ်အာရုံကို ဖမ်းစားနိုင်ခဲ့ကြသည်။

## ဟစ်တလာနှင့်ဒါဝင်

ဒါဝင်ကွယ်လွန်ပြီး (၇)နှစ်နောက်ပိုင်း၊ ၁၈၈၉ ခုနှစ်ဧပြီလ (၂၀)ရက်နေ့ ဟစ်တလာမွေးဖွားလာချိန်သည် ဤအသိဉာဏ်ရှိသော ပတ်ဝန်းကျင် အခြေအနေ ဝင်ရောက်လာချိန်ဖြစ်သည်။ ဟစ်တလာသည် ဩစတီးယား နိုင်ငံနယ်စပ် မြို့ကလေးတမြို့တွင် အလွိုက်နှင့် ကလရာဟစ်တလာ (Alois and Klara Hitler) တို့မှ မွေးဖွားလာခဲ့သည်။ အသက် ပိုကြီးသော အလွိုက်သည် သူ၏အိမ်ဖော်မလေး ကလရာ (Kalra) ကို ၁၈၈၅ ခုနှစ်တွင် လက်ထပ်ခဲ့ သူဖြစ်ပြီး အကောက် ခွန် ကိုယ်စားလှယ် နှိပ်ချတပ်သောအလယ်အလပ်အဆင့် ဝင်ငွေရှိသူတစ်ဦးဖြစ်သည်။ သူသည်ပေါက်ကွဲတတ်သောစိတ် သဘောထားရှိသူနှင့် မိန်းမလိုက်စားတတ်သော ရာဇဝင်ရှိသည်။ မှုးယစ်သောက်စား တတ်သူ တဦးဖြစ်သည်။

မွေးစကပင် ချူချာခဲ့သော အဒေါ့ဖ်သည် ကက်ရာဇ်နှလုံးသားကို အထူးတလည်နေရာယူထားသူတဦးဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် အဒေါ့ဖ်မမွေးမီက ကလေးသုံးဦး ဆုံးရှုံးခဲ့ဘူး၍ဖြစ်သည်။ အလွိုက်သည် အဒေါ်ဖ်အသက်(၁၄)နှစ် ရောက်ကာစ ၁၉၀၃ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။ သူသည်အနိုင်အထက်ကျင့်တတ်သူ စွတ်တရွတ်နိုင်သူ တစ်ဦးဖြစ်သော ကြောင့် အဒေါ်ဖ်သည် မိမိကိုယ်ကို မိမိထိန်းသိမ်းစောင့်ရှောက်လာခဲ့ရသည်။ ထို့ကြောင့် ပြည်သူ့ဝန်ထမ်းတစ်ဦးဖြစ်လာပြီး သူ၏စစ်ခြေရာကိုနင်းနိုင်ခဲသည်။ အဒေါ့ဖ်သည် နာခံခြင်းမရှိသူဖြစ်ပြီး ကျောင်းတွင်း၌ဆင်းရဲစွာပညာသင်ကြားခဲ့ရသည်။ အတ္တုပ္ပတ္တိရေး ဆရာရောဘတ်ပေနီး (Robert Payne) ကဟစ်တလာသည် မာနကြီးသူတစ်ဦး ပေါက်ကွဲတတ်သူနှင့် ထိန်းသိမ်းရခက်ခဲ့သော လူငယ်နှင့်ရိုင်း စိုင်းသော အကျင့်ရှိသူဖြစ်သည် ဟုရေးသားခဲ့သည်။

ဟစ်တလာသည် ဗီယာနာမြို့ရှိ အထွေထွေပန်ချီ ပညာသင်ကျောင်း ရှိရာ အနုပညာတက္ကသိုလ်၌ တက်ရောက်ရန် အတွက် ၁၉၀၇ ခုနှစ်တွင် နေအိမ်မှထွက်ခွာလာခဲ့သည်။ သူသည်ကျောင်းဝင်ခွင့်စာမေးပွဲကျသဖြင့် သူ့မိခင်ကြီးနှင့်အတူ နေထိုင်ရန်ပြန်လာခဲ့သည်။ သူ့မိခင်သည် ၁၉၀၇ခုနှစ်တွင် ရင်သားကင်ဆာရောဂါဖြင့် သေဆုံးခဲ့သည်။ ဟစ်တလာ၏ သူ့မိခင်အပေါ်ထား ရှိသောနက်ရှိုင်းသည့် ချစ်မေတ္တာမှာ သူ့မိခင်သေဆုံးသောအခါ သိသာ ထင်ရှားခဲ့သည်။ ကလရာကို စောင့်ရှောက်ကုသခဲ့သော ဆရာဝန်က မိမိ၏ အသက်မွေးဝမ်းကျောင်းတက် တစ်လျှောက်လုံး ဟစ်တလာကဲ့သို့ အလွန် ဝမ်းနည်းကြေကွဲသော စိတ်မကောင်းဖွယ်ဖြစ်ရပ်ကို မတွေ့ခဲ့ဘူးပါဟု ရေးသားခဲ့သည်။

ဟစ်တလာသည် ဗီယာနာမြို့သို့ ပြန်လာခဲ့ပြီး အနုပညာကျောင်းဝင်ခွင့် ပြန်လည်ဖြေဆိုခဲ့သော်လည်း ထပ်မံကျ ရှုံးခဲ့ပြန်သည်။ သူသည် သူ၏အနည်း ငယ်မျှသော အမွေဥစ္စာကိုသုံးစွဲရင်း လမ်းမများပေါ်၌ ခြေဦးတည်ရာမဲ့ လွင့် မျော နေခဲ့သည်။ ပြင်းထန်ဆိုးဝါးသော ဆင်းရဲမှုကြောင့် သူသည်သူ၏ ည ပေါင်းများစွာကို အိမ်ယာမဲ့နေထိုင်သူ

တစ်ဦးအဖြစ် ကုန်ဆုံးခဲ့ရသည်။ သူသည် သူ၏နည်းပါးလှသော အနုပညာပါရမီကို အသုံးပြုလျှက် ပို့စကဒ်အရွယ်ပန်းချီး ကားများ ရေးဆွဲပြီး ရောင်းချဖို့ရန် ကြိုးပမ်းခဲ့သည်။ သို့သော် သူ၏တကိုယ်ရေ စည်းကမ်းချို့တဲ့မှု၊ လွဲမှားသော စိတ်နေသဘောထားနှင့် နားလည်ရခက်ခဲသော ထိန်းမနိုင်သိမ်းမရ ဒေါသထွက်တတ်ခြင်းတို့က သူ၏အောင်မြင်မှုများကို ပိတ်ဆို့ စေသည်။

စိတ်ဓာတ်ကျသော ဆင်းရဲမွဲတေနေသော ဟစ်တလာသည် စတင် ပျက်စီးလာပြီး၊ လျှို့ဝှက်သော လောကီပညာရပ် စိတ်အာရုံချင်းဆက်ဆံသော ပညာရပ်၊ လူဦးခေါင်းခွံ့အရိုးကိုကြည့်ပြီး သူ၏အကျင့်စရိတ်ကို လေ့လာသော ပညာရပ်၊ လက်ရေးလက်သားကိုကြည့်ပြီး သူ၏အကျင့်စရိုက်ကို လေ့လာသော ပညာရပ်နှင့်အခြားသော သိပ္ပံဆိုင်ရာ အတုအယောင် ပညာရပ်များအ ကြောင်းအရာတို့နှင့် ဆက်နွယ်နေလျှက်ရှိသည်။ ဤအချက်များ ထိုအချိန်မှစ၍ ဟစ်တလာသည် အော့စ်တာရာ (*Ostara*) မဂ္ဂဇင်းအယ်ဒီတာ လန်ဗွန်လီ ဘန်ဖ်လ် (Lanz von Liebenfels) ကိုအားကျသူတစ်ဦးဖြစ်လာ ပါသည်ဟု သမိုင်းပညာ အများစုက ယုံကြည်ကြသောအချက်ဖြစ်သည်။ လီဘန်ဖဲလ်က ဆွေးနွေးရန် တင်ပြသောအယူ အဆများ လူကြိုက်များသော မျက်လုံးပြာပြာ၊ ရွှေရောင်ဆံပင်ရှိသော အာဂိုယန်များတို့သည် အဆင့်နိမ့်သည့် ဆင့်ကဲ ဖြစ်စဉ် နည်းပါးသော မျိုးနွယ်စုများ (Untermensch) ၏ ခြိမ်းခြောက်မှုခံနေ ရသည်ဟူသော အယူအဆဖြစ်သည်။

လီဘန်ဖဲလ်တို့ ယုံကြည်ထားသည်မှာ အာရိယာန်တို့သည် အထက်တန်း အဆင့်၌ရှိသော လုပ်ပိုင်ခွင့် ဂုဏ်အဆင့် ဆင့်ရှိသည့် လူမျိုးနွယ်စုများဖြစ်ကြပြီး အသားမဲနှင့်မွန်ဂိုလီးယန်တို့သည် အောက်တန်းအဆင့်ရှိသူများဖြစ်ကြသည်။ အောက်တန်းအဆင့်ရှိသော လူမျိုးစုများသည် အာရိယာန်များ၏ ကျွန်များဖြစ်ရ မည်ဟု သူယူဆသည့်။ “ခွက်ဖလားတော်ထဲရှိ ဂျာမန်သွေး”ကို လူမျိုးစုနှင့်ဆိုင်သော သန့်စင်မှုမှကာကွယ်ရမည့်ဟု ပြောဆိုခဲ့သည်။ ဟစ်တလာသည် ထိုစကားစုကို အမှတ်ရနေပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် သူသည် ၁၉၃၀ခုနှစ်များ ၌ သူ၏နောက်လိုက် နာဇီတစ်ဦးကို ပြောဆိုကာ၌ အသုံးပြုခဲ့သောကြောင့် ဖြစ်သည်။

ပြဿနာမှာ ဤအချက်သည် လူမျိုးစုဆိုင်ရာ ယိုယွင်းပျက်ဆီးမှုကို ကျွန်ုပ်တို့ မည်ကဲ့သို့ ရပ်တန့်စေနိုင် ပါမည်နည်း။ ကျွန်ုပ်တို့သည် အမှန်တကယ် ဇာတ်သွင်း ထားသော လက်ရွေးစင်လူတစု ၊ ဗိမာန်တော်၏ သွေးသောက် ညီအစ်ကို အဖွဲ့ပတ်လည်ရှိ သန့်ရှင်းသော အသွေးရှိသည့် မြင့်မြတ်သော ခွက်ဖလားတည်းဟူသော မျိုးစန်(သို့မဟုတ်) အုပ်စုတစ်ခုကို ဖွဲ့စည်းနိုင်ပါ မည်လား။

လီဘန်ဖ်လ်သည်လည်း ဆီးမိုက်မျိုးနွယ်စုကို ခါးခါးသီးသီး ဆန့်ကျင်သူဖြစ်သည်။ ၁၉၀၈ခုနှစ် စာတမ်းထဲ၌ ဂျူးနှင့်အခြားလူမျိုးများကို မျိုးမသန့်သော အမျိုးအစားများ အဖြစ်ပြောဆိုပြီး ၎င်းတို့ကို သုတ်သင်ရှင်းလင်း ပစ်ရန် တိုက်တွန်းဆော်ဩခဲ့သည်။

အခြားသော ဗီယာနာသား လူမျိုးရေးဝါဒီဂွီဒိုဗွန်လစ်ဇ် (Guido von List) သည်လည်း ဟစ်တလာအပေါ် ဩဇာသက်ရောက်သူဖြစ်ပါသည်။ ခရစ် ယာန်တို့သည် ပိုမိုမြင့်မြက်သူများဖြစ်ကြသည်။ အဘယ်ကြောင့်ဆိုသော် သူတို့၏ သွေးသည် အခြားလူမျိုးစုတစ်စုံတစ်ရာနှင့်မျှ တူညီခြင်းမရှိခြားနားကြသော ကြောင့်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် လျှို့ဝှက်သော အမှတ်အ သားကို အမွေခံရသောကြောင့်ဖြစ်သည်။ (စကြာတံဆိပ်နှင့်ဂျာမန် ကျောက်စာ တမ်း) လီဘန်ဖဲလ်နှင့်လစ်တို့နှစ်ဦးစလုံး

၁၉၀၈နှင့်၁၉၁၄ ကာလ၌ ဗီယင်နာ တွင် ဩဇာလွှမ်းမိုးနေကြစဉ် ဟစ်တလာသည် ထိုနေရာ၌ နေထိုင်ခဲ့သည်။ ထိုအချိန်ကာလတလျှောက်၌ဟစ်တလာသည် ဆင့်ကဲဖြစ်စဉ်နှင့် လူမျိုးခွဲခြားရေး ဝါဒနှင့် ဟစ်နှင့်လီဘန်ဖဲလ်တို့၏ ဆီးမိုက်မျိုးနွယ်စု ဆန့်ကျင်မှုတို့နှင့်ပြည့်နှက်နေ သော ကမ္ဘာအမြင်တခုကို ဖော်ထုတ်ရန် စတင်ခဲ့သည်။

ဤကဲ့သို့ ရောနှောပါဝင်သောအရာများသည် နောက်ပိုင်း၌ စုန်းကဝေတစ်ဦး၏ မကောင်းသောလုပ်ရပ်အစ အစပျိုးခြင်းကို ပြုလုပ်ခဲ့သည်။ ၎င်းသည်သူ၏ နိုင်ငံရေးစင်မြင့်ဖြစ်လာပြီး မြောက်များစွာသော ဂျာမန်တို့၏ စိတ်အားထက်သန်စွာ ကြိုဆိုမှုကို ရရှိမည်ဖြစ်သည်။ ဤအရာများသည် ဟစ်တလာ နေထိုင်ခဲ့သော ဘော်ဒါဆောင်အတွင်းရှိ ကြိုတင်ဟောကိန်းများ ဖြစ်ဖွယ်ရှိသည်။ တခါတရံ သူသည် “ ဂျူးတွေမရှိရင် ရောမလည်းမရှိဘူး၊ ဂျာမန်ဗိမာန်တော်ကြီးကို ငါတို့တည်ဆောက်ရမည်ဟေ့” ဟု အောင်ဟစ်ခြင်း ဖြင့် သူ၏ဒေါသထွက်သော မိန့် ခွန်းများကို အဆုံးသတ်တတ်သည်။ ဤအချက် များက သူ၏အဆောင်၌ နေထိုင်ရခြင်းကို အဆုံးသတ်စေရန် ရှေ့ရှုခဲ့သည်ဟု ပြောဆိုခဲ့ကြသည်။

ဂျာမဏီတွင် ဟိန်ကယ်ကဒါဝင်၏ ဆင့်ကဲဖြစ်စဉ်နှင့် သန့်စင်သော လူမျိုးနွယ်စု အကြောင်းကို အများနားလည် သဘောပေါက်အောင် တင်ပြခြင်း ဖြင့် လူသိများ လာစေသည်။ တစ်ချိန်တည်းမှာပင် ဖရန်စစ်ဂါတန် (Francis Galton) ၏ လူသန့်ဗေဒကို ဂျာမန်အတွေးအခေါ်က ကောင်းမွန်စွာ ကြိုဆို ကြောင်း တွေ့ရှိရသည်။ ဂျာမာန်လူသန့်ဗေဒ လှုပ်ရှားမှုများသည် ၁၈၈၉ ခုနှစ်များတွင် ပညာတတ်အသိုင်းအဝိုင်း၌ ထင်ရှားလာသည်။ ထို့နောက် လူထုဆီသို့ ၁၉၀၀ခုနှစ် အစောပိုင်းကာလနှင့် ဂျာနယ်ဆောင်းပါးများ၊ သတင်းစာများနှင့်စာအုပ်များမှ တဆင့်ပျံ့နှံ့လာခဲ့သည်။ ဆင့်ကဲဖြစ်စဉ်နှင့် ၎င်း၏ဂယက်ရိုက်မှုတွင် ဂျာမာန်ပြည်သူများသည် အထူးပင်ပါဝင်ပတ်သက်ခဲ့ကြသည်။

ဂါတန်၏လူသားသန့်ဝါဒ (ဘက်စုံဖွံ့ဖြိုးသော ကလေးများပျိုးထောင် ရေးဗေဒ) *(eugenics)*က ကိုယ်ခန္ဓာ စိတ်နှင့် ကိုယ်ကျင့်တရား အရည်အသွေးတို့ကို ကြိုတင်ခန့်မှန်းရာ၌ မျိုးရိုးဗီဇအဆင့်အတန်းကို အထူးအလေးအနက်ထား၍ ဖော်ပြသသည်။ ထို့နောက် ဂျာမဏီပြည်အတွက် ပိုမိုကောင်းမွန်သောအရာဂတ်တည်ဆောက်ရေး၏ သော့ချက်ပြဿနာများ အာရိယန်မျိုးနွယ်ကို ရေရှည်ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ရှေ့တန်းရောက်စေ ရေးပင်ဖြစ်သည်။ ဒါဝင်နှင့်ဟိန်ကယ်တို့၏ တူညီမစမှုနှင့်အတူ ဤလူမျိုးခွဲခြား ရေး အနေအထားကို သိပ္ပံပညာ၏ အဆောင်အယောင် အဆင်တန်ဆာများဖြင့် ရယူခြင်းပင်ဖြစ်သည်။

ကလေးများကို လူသားသန့်ဗေဒ (ဘက်စုံဖွံ့ဖြိုးသော ကလေးများပျိုး ထောင်ရေးဗေဒ) သည်၊ ဒါဝင်အယူအဆ ဖြစ်သော လူသားဆင့်ကဲဖြစ်စဉ်၏ အလွန်တရာ အဓွန့်ရှည်ကြာသော သဘာဝအကျိုးသက်ရောက်မှု တစ်ခုဖြစ်သည်။ ဂါတန်၏အဆိုအရ လူသားသန့်ဗေဒ၏ ခံယူချက်သည် ဆင့်ကဲဖြစ်စဉ်၏ အယူအဆအပေါ်တွင် တည်ဆောက်ထားသည်။ သို့သော်၎င်း၏ကိုယ်ပိုင်လမ်း ကြောင်းပေါ်သို့ တစ်စုံတစ်ရာသော အတိုင်းအတာပမာဏတစ်ခု တိုက်ရိုက်ကျ ရောက်နိုင်သော်လည်း ၎င်း၏ လှုပ်ရှားမှု မရှိသော ပုံသဏ္ဍာန်တစ်ခုပေါ်၌ တည်ရှိမနေပါ။

အသားမဲ အာဖရိကသားများသည် ယဉ်ကျေးသော ဥရောပသားများ ထက် အသက်သစ်ပင်၏အောက်နိမ့်ကျသော အကိုင်းအခက်တစ်ခုခုတွင်သာ နေထိုင်ရမည်ဟု သူခိုင်မာစွာ ရပ်တည်လိုက်သောအခါ လူသားမျိုးနွယ်တစ် လျှောက်လုံး၏ မျိုးရိုးဆိုင်ရာ ရပ်တည်ချက်များကို ဒါဝင်ကပင် အတန်းအစား ခွဲခြားထားခဲ့သည်။ သူ၏အယူအဆနှင့်

စပ်လျဉ်း၍ လုပ်ဆောင်ရာ၌ ဒါဝင်သည် သူအနှစ်သက်ဆုံးသော တပည့်များပြောဆိုသမျှအရာအားလုံးကို လုံးလုံးလျားလျားလက်ခံ ခဲ့မည်မဟုတ်ပေ။ သို့သော်လည်း ဂျာမဏီပြည်တွင်း၌ သူ၏အယူအဆများကို အဆုံးသတ်နိဂုံးချုပ်သို့ရောက်ရှိစေရန် ယုတ္တိရှိရှိ ဦးဆောင်ခဲ့ခြင်းသာဖြစ်ပါသည်။ လူသန့်ဗေဒ (ဘက်စုံဖွံ့ဖြိုးသော ကလေးများ ပျိုးထောင်ရေးဗေဒ) သည် ဒါဝင်၏ သွေးမည်လွဲမှားမှုတစ်ခုမဟုတ်ပါ၊ သို့သော်ဒါဝင်၏အယူအဆထဲရှိ ဇစ်မြစ်၊ ဆင်းသက်ပေါက်ဖွားခြင်းနှင့်စိတ်ခံ စားမှုတို့အားဖြင့် အခြေခံ စည်းမျဉ်းများ၏ အကျိုးသက်ရောက်မှု မျဉ်းကြောင်း အကြောင်းနှင့်ဆိုင်သော အသေးစိတ်လုပ်ဆောင်ချက်ဖြစ်သည်။

ဂျာမန်မျိုးရိုးဆိုင်ရာ သန့်စင်မှုအတွက် လှုံ့ဆော်လုပ်ရှားမှုများမှာ ၁၈၉၀ ခုနှစ်တွင် ဖွဲ့စည်းခဲ့သော ဂျာမာန်တမျိုးသား လုံးဆိုင်ရာ အဖွဲ့အစည်း၏ ပူပူနွေးနွေး တွန်းအားပေးမှုများကြောင့်ဖြစ်သည်။ စတင်တည်ထောင်သူအဖွဲ့ ဝင်တစ်ဦးဖြစ်သော ဟိန်ကပါဝင်သည့် ဤအဖွဲ့အစည်း၏ ပန်းတိုင်မှာ ဂျာမာန် စကားပြောလူထုသည် တစ်ခုတည်းသော အမျိုးသားရေးအရှိ တရား၌ ညီညွတ် ကြရန်ပင်ဖြစ်သည်။ ၎င်းသည် ဆီးမိုက်တစ်ဝါဒီ ဆန့်ကျင်မှုကို မူဝါဒတစ်ခုအ ဖြစ် ယုံကြည်လက်ခံ ကျင့်သုံးသည်။ အဘယ်ကြောင့်ဆိုသော် ဂျူးလူမျိုးများသည် "အခြားလူမျိုးများနှင့်ရောနှောမှုမရှိခြင်း၊ ဝတ်စားဆင်ယင်မှု သိသာစွာ ကွဲပြား ခြားနားခြင်းနှင့် ရိုးရာဓလေ့ထုံးစံများကို သစ္စာရှိစွာ ဆက်လက်ထိန်းသိမ်း နေထိုင်ကြသောကြောင့် ဖြစ်သည်။ ဂျာမာန်တမျိုးသားလုံးဆိုင်ရာ အဖွဲ့အစည်း က ဥရောပ၌နယ်မြေများ သိမ်းပိုက်ခြင်းနှင့် အာဖရိကတိုက်၌ ဂျာမဏီကိုလိုနီနယ်များ ထူထောင်ခြင်းဖြင့် ဂျာမန်အမျိုးသားရေး ကျယ်ပြန့်စေရန် ကြွေးကြော်ကြသည်။ ဟစ်တလာသည် ဂျာမာန်တစ်မျိုးသားလုံးဆိုင်ရာ ပါတီ ခေါင်းဆောင် ဂျော့ဗွန်စကိုးနား Georg von Schonerer ၏ လေးစားအား ကျခြင်း ခံရသူဖြစ်သည်။ သူသည် ဟစ်တလာကို သူ၏မိန်းကင့် *Mein Kampf* စာအုပ်ထဲရှိ ဂျူးများသည် ဂျာမာန်တို့၏ မျိုးရိုးသန့်စင်ရေး၌ အတား အဆီးတစ်ခုဖြစ်သည်ဟူသော သူ၏ယုံကြည်ချက်ကြောင့် အသိအမှတ်ပြုခဲ့ခြင်း ဖြစ်သည်။

## ကြောက်မတ်ဖွယ်လုပ်ငန်းစဉ်တစ်ခုမွေးဖွားခြင်း

ဟစ်တလာသည် ပထမကမ္ဘာစစ်အတွင်းက ဂျာမာန်တပ်မတော်၌ တာဝန်ထမ်းဆောင်သည်။ သူသည် ကလိုရင်း ဓါတ်ငွေ့ဖြင့် တိုက်ခိုက်မှုဒဏ်ခံ ရကာ ဒဏ်ရာရခဲ့ပြီးနောက် သူ့ဘဝ၏ အသစ်သော အနက်အဓိပ္ပါယ်များကို လက်ခံ လာခဲ့သည်။ သူ၏အမှုထမ်းဆောင်ခြင်းနှင့် အနှစ်နာခံခြင်းများအတွက် သူသည် သံမဏိကြက်ခြေခတ်တံဆိပ် အပါအဝင် တပ်မတော်၏ စစ်ဘက်ဆိုင်ရာ ဂုဏ်ထူးဆောင်ဆုများနှင့်အတူ ဆုတံဆိပ်အပ်နှင်းခြင်းခံခဲ့ရသည်။ ဂျာမာန်မျိုး ရိုးသန့်စင် ရေးအတွက် အကျိတ်အနယ်ဖြစ်နေသော ပြင်းပြသည့်စိတ်ဓာတ်များ တဖြည်းဖြည်းချင်း စိမ့်ဝင်ခံစားနေရင်း ဟစ်တလာ သည် သူ၏ဆုကျေးဇူးဖြစ် သော ဟောပြောခြင်းအတတ်ပညာကို ၁၉၁၉ခုနှစ်တွင် စတင်ရရှိလိုက်သောအ ခါ သူ၏ ဒေါသ ထွက်နေသော မိန့်ခွန်းများဖြင့် လူတစုကို ဩဇာလွှမ်းမိုး ထိန်းချုပ်နိုင်သော အရည်အချင်းသူ့တွင်ရှိသည်ကို သူစတင်တွေ့ရှိသည်။ သူသည်အမျိုးသားဆိုရှယ်လစ်ဂျာမာန်အလုပ်သမားပါတီ (နာဇီ)ထဲတွင် နိုင်ငံရေးလုပ်ငန်းစဉ်များ၌ စတင်ပါဝင် လုပ်ကိုင်သည့်အလျောက် ၁၉၂၀ ခုနှစ်တွင် သူသည် လူ (၂၀၀၀)ကို ဆွဲဆောင်စည်းရုံးနိုင်ခဲ့သည်။ သူ၏မိန့်ခွန်း များသည် အာခေါင်သံပါသည့် အသံနေအသံထားနှင့် အသေးစိတ် အချက်အ လက်များနှင့် ကွက်ကွက်ကွင်းကွင်းပေါ်လွင်အောင် အသုံးချတတ်မှုနှင့် ပြင်းထန ကြမ်းတမ်းသော အယူအဆများကို ဗဟိုပြုလျက် ဂျူးလူမျိုးများကို လူသားတို့၏ အပြစ်အတွက်

ရှုတ်ချအပြစ်တင်ခြင်းနှင့် အာရိယာန်မျိုးနွယ်များကို ဂုဏ်တင်ချီးကျူးသော ဟောပြောမှုများဖြစ်သည်။ ဟစ်တလာ၏ မိန့်ခွန်းများက ပထမကမ္ဘာစစ်အတွင်း ရှုံးနိမ့်ခဲ့ရခြင်းနှင့် ဗာဆိုင်စာချုပ်ပါ စည်းကမ်းသတ်မှတ် ချက်များကြောင့် စိတ်ဓာတ် ကျဆင်းမှုများဖြင့် ကြုံတွေ့နေရသည့် နိမ့်ကျနေသော ဂျာမာန်မြောက်များစွာကို မျှော်လင့်ချက်ပေးခြင်းနှင့် ဂုဏ်သိက္ခာ ရှိလာ ခြင်းတို့ကို သွတ်သွင်းပေးခဲ့သည်။

၁၉၂၀ခုနှစ်အစောပိုင်းကာလများက အတ္ထုပ္ပတ္တိရေးဆရာ အိုင်ယင် ကာ ရှော (Ian Kershaw) အဆိုရ ဟစ်တလာ၏ အစိုးမက်သော (voracious) စာအုပ်၌ပါဝင်သော ဒါဝင်လူမှုရေးဝါဒနှင့် ပထဝီနိုင်ငံရေးစာ တမ်းဖြင့် ဟစ်တလာသည် ဂျူးလူမျိုးများ အပေါ်နက်ရှိုင်းသော မုန်းတီးမှုပြည့် လျှံလျက်ရှိကြောင်းကို သိရသည်။ သူတို့အား ရောဂါဖြစ်စေသော မျိုးရိုးအဖြစ် အနက်ဖွင့်ထားသည့် အသုံးအနှုန်းကို အသုံးပြုထားခြင်းဖြင့် သူသည် ဂျူးတို့အား လူ့ဂုဏ်သိက္ခာညှိုးနွမ်း စေခဲ့သည်။

သင်သည် ရောဂါတခုကို ၎င်း၏ရောဂါကိုဖြစ်ပွားစေသော အင်္ဂါဖြစ်သည့် ဘက်တီးရီးယားပိုးကို မဖျက်ဆီးဘဲ တိုက်ရိုက်ချေမှုန်းနိုင် လိမ့်မည်ဟု အယူအဆနှင့် ၎င်းအပြင် မျိုးရိုးဆိုင်ရာ အဆုပ်ရောဂါဖြစ်ပွားစေသည့် အင်္ဂါကို မမြင်မတွေ့ရဘဲနှင့် လူအများကို မျိုးရိုးဆိုင်ဂုာ အဆုပ်ရောဂါမှ လွတ်မြောက်စေနိုင်မည်ဟု မယူဆပါနှင့် ဂျူးလောက၏ သက်ရောက်မှုသည် ဆိတ်သုန်းသွားလိမ့်မည်မဟုတ်ပါ။ ၎င်းအပြင် အကြောင်းအကျိုးဆက်နွယ်သည့် ကိုယ်စားလှယ် များဖြစ်သော ဂျူးများကို ကျွန်ုပ်တို့အလယ်မှ မပယ်ရှားသေး သရွေ့ လူအများ၏ အဆိပ်သင့်မှုသည် အဆုံးသတ်လိမ့် မည်မဟုတ်ပါ။

ဟစ်တလာသည် ဒါဝင်၊ ဟေကီးလ်(Haeckel)၊ လီဘန်ဖီး (Liebenfels) နှင့် စာရင်းများ၌ အမြစ်တွယ်သောလုပ်ငန်းစဉ်ကို တိုးချဲ့ခဲ့သည်။ ဇာတိမြေ မရှိသော ဂျူးလူမျိုးများသည် ဆင့်ကဲဆင့်ကဲပြောင်းလဲခြင်း၏ အုတ်မြစ်ပေါ်၌ တည်ဆောက်ရန် ကြောက်မက်ဖွယ်ရာကောင်းသော သူ၏အတွေးအခေါ်၏ မီးစာကို သယ်ဆောင်ရန်ဖြစ်သည်။ သမိုင်းပညာရှင် ကာရှော (Kershaw)၏ ပြောဆိုချက်အရ

၁၉၁၄ မှ ၁၉၁၈ခုနှစ်တွင် ကမ္ဘာကြီး၏ အလယ်ဗဟိုအဖြစ် ထိုနေရာကို သိမ်းပိုက်ရန်အတွက် ရှိနေပြီး၊ ကြီးမားဆုံးသော၊ သင့်လျှော်ဆုံးသော၊ အလွန် ပင်ရက်စက် ကြမ်းကျုတ်ဆုံးဖြစ်ရန် အောင်မြင်ခြင်းနှင့်အတူ လူမျိုးစုများတစ်ခုစီအကြား ရှုန်းကမ်းလှုပ်ရှားကြိုးပမ်းရသကဲ့သို့ ဒါဝင်၏ လူမှုရေးဆိုင်ရာ သမိုင်း ၏ ရှုထောင့်သည် အဓိကကျသော လိုအပ်ချက်ပင်ဖြစ်ပါသည်။

ကာရှော (Kershaw)၏ အဆုံးသတ်ချက်သည် သမိုင်းပညာရှင်များ အားဖြင့် ကျယ်ပြန့်စွာ မျှဝေထားသောအရာဖြစ်ပါသည်။ ရစ်ချက် ဝီကာ့တ် (Richard Weikart)သည် "ဂျာမန် သမိုင်းပညာရှင်များအကြားတွင် ဟစ်တ လာသည် ဒါဝင်၏လူမှုရေးဆိုင်ရာပုဂ္ဂိုလ်ဖြစ်သည်၊ မဖြစ်သည်ကို များပြားသည် လှသည့် ငြင်းခုန်များ မရှိကြောင်း" ကို ဒါဝင်၏ သေစေသောအမွေအနှစ်အဖြစ် ကိုရယ် ရိုက်တ် (Coral Ridge) သာသနာရေးရာဌာန၏ ဗွီဒီယိုမှတ်တမ်း၌ ရှင်းပြခဲ့သည်။ သူသည် ဒါဝင်၏ အတွေးများကို သေချာစွာ ရေးဆွဲခဲ့သည်။ " ဟစ်တလာသည် သရုပ်ဆောင်ခြင်းတစ်ခုသာမဟုတ်ဘဲ၊ ဆင့်ကဲဆင့်ကဲပြောင်းလဲ ခြင်းတစ်ခုတည်းကို မြန်ဆန်အောင် ရိုးရှင်းစွာ ကြိုးစားနေသောသူအဖြစ်" ဝီကာ (Weikart)ယုံကြည်ခဲ့သည်။ "သူသည် ဂျာမနီနိုင်ငံ၌ ၂၀ရာစုအစောပိုင်း၌ ဟောကြားခြင်း၊ သင်ကြားခြင်းများကို ပြုလုပ်ခဲ့သော မျိုးရိုးဗီဇပညာရှင်၊ ဇီဝ ပညာရှင်နှင့် အခြားသော ပညာတတ်များစွာကို ဆွဲခေါ်ခဲ့သည်။

ဒါဝင်၏အတွေးအခေါ်သည် နာဇီ၏အလွန်ရက်စက်ကြမ်းကြုတ်ခြင်း ကို ဖြစ်အောင် ပြုလုပ်ခဲ့သည်။ ဂျူးမုန်းတီးရေးဝါဒ (Anti-Semitism)သည် ဟစ် တလာမတိုင်ခင် ရာစုနှစ်များစွာက ဥပရောတိုက်တွင် တည်ရှိခဲ့သည်။ သို့ သော် ဒါဝင်သည် လုပ်ဆောင်ချက်အတွက် အသိပညာကူးပြောင်းရေးကို ထောက် ပံ့ပေးခဲ့သည်။ နာဇီ၏ ညွှန်ကြားချက်သည် "သဘာဝတရားရွေးချယ်ခြင်း" နှင့် အသက်အတွက် ကြိုးစားရုန်းကန်းပြီး မျက်နှာသာပေးခံရသော (အသက်အတွက် ဒါဝင်၏စာတန်း) လူမျိုးစုနွယ်ကို ထိန်းသိမ်းထားရှိခြင်း အယူအဆမရှိဘဲ ဖြစ်နိုင် လိမ့်မည်မဟုတ်ပေ။ ဤအတွေးအခေါ်များသည် ဟစ်တလာနှင့်အတူ ပေါ် ပေါက်လာခဲ့ခြင်းမဟုတ်ပါ။ ထိုအတွေးအခေါ်များသည် အသက်ပင်ကိုရေး ဆွဲခဲ့သော ဒါဝင်၏မှတ်စုစာအုပ်များမှ ပေါ်ပေါက်လာခဲ့ပြီး၊ ကောင်းသောအရာ သည် သေခြင်းမှတဆင့် သဘာတရားရွေးချယ်ခြင်းသို့လာသော ယူဆချက်ပင်ဖြစ်သည်။

## ကျွန်ုပ်၏ ရုန်းကန်လှုပ်ရှားမှု

ဟစ်တလာသည် ၁၉၂၄မှ ၁၉၂၅ခုနှစ်အတွင်း ထောင်ထဲ၌ရှိနေစဉ် ကျွန်ုပ်၏ ရုန်းကန်လှုပ်ရှားမှု (သို့) Mein Kampf အေးစက်သော မူဝါဒကြေ ညာစာတမ်းကို ရေးသားခဲ့သည်။ သူ့ဘဝအသက်တာ၏ အကျဉ်းချုပ်နှင့် နိုင်ငံဆိုင်ရာ အတွေးအခေါ်သည် ပြန်ကျဲတည်ရှိနေသော စာရွက်မူကြမ်းများသာဖြစ် ပြီး၊ "ဟောပြောမှုအတတ် ပညာအတွက် လက်ဆောင်နှင့်အတူ ခေတ်ဆန်သော တောင်ပိုင်းဂျာမန်၏ မိမိဘာသာမိမိ ပညာရှာယူသော အမူအရာအားဖြင့်" ဟု ဘာသာပြန်သူ Ralph Manheim ပြောဆိုရေးသားခဲ့သည်။ ကျွန်ုပ်၏ ရုပ်း ကန်လှုပ်ရှားမှု ခေါင်းစဉ်သည် ဒါဝင်၏ "တည်ရှိနေခြင်းအတွက် ရုန်းကန် လှုပ်ရှားမှု" ကို ပဲ့တင်ထပ်ခဲ့သည်။ ထိုအရာသည် ထင်ရှားသောအရာတစ်ခု ဖြစ်ပြီး ဒါဝင်၏နောက်လိုက် ဂျာမန်အမျိုးသား အန်စ်ဟေကေလ် (Ernst Haeckel)သည်လည်း (၁၉၀၅ခုနှစ်၌) "ဆင့်ကဲဆင့်ကဲပြောင်းလဲခြင်းဆိုင်ရာ တွေးခေါ်ခြင်း ဥာဏ်ကို ကျော်လွန်၍ ရုန်းကန်လှုပ်ရှားမှု" သူ၏မြောက်များ စွာသော စာအုပ်များထဲမှ စာအုပ်တစ်အုပ်ကို အမည်တပ်ခဲ့သည်။

Mein Kampf သည် ဟစ်တလာ၌ရှိသော ဒါဝင်နှင့် ဟေကေလ်တို့၏ လွှမ်းမိုးခြင်းအတွက် အထောက်အထားကို အထူးထောက်ပံ့ပေးခဲ့သည်။ ဆင့်ကဲ ဆင့်ကဲပြောင်းလဲခြင်းဆိုင်ရာ အခြေခံသဘောတရားအားဖြင့် မည်ကဲ့သို့ ဟစ် တလာကိုလွှမ်းမိုးသွားခဲ့သနည်းဆိုသည့် မေးခွန်းတစ်ခုမှမရှိဘဲ ကျွန်ုပ်တို့မြင်တွေ့ နိုင်သည့် အချို့သော ဥပမာများပင်ဖြစ်ပါသည်။

. . . . . . . သန့်ရှင်းစင်ကြယ်သော လူမျိုးနှင့်ဆိုင်သောသွေးကို စောင့်ရှောက်မှုပေးသင့်သည် အကောင်းဆုံးသော လူသားသတ္တဝါများ၏ အမျိုးအစားကို ထိန်းသိမ်းထား နိုင်လိမ့်မည်ဖြစ်ပြီး၊ ဤနည်းအတိုင်း ကျွန်ုပ်တို့သည် ပို၍မြင့် မြတ်လှသော လူသားမျိုးနွယ်ကို တိုးတက်အောင်မြင်ရန် ဆောင်ရွက်သင့်ပါ သည်။

လူသားသည် သဘာဝတရား၏ သန်မာသောစနစ်ကို ဆန့်ကျင်သော အချိန်တွင် သူသည် လူသားတစ်ယောက်ကဲ့သို့ သူကိုယ်တိုင်သာလျှင်သူ၏ ကိုယ်ပိုင် တည်ရှိနေမှု၏ အခြေခံသဘောတရားနှင့်အတူ ရုန်းကန်လှုပ်ရှားမှုအထဲ သို့ ရောက်လာခြင်းပင်ဖြစ်သည်။ ဤ တိုက်ခိုက်မှုသည် သူ၏ကိုယ်ပိုင်ပျက်စီးမှု ကို ဦးဆောင်ခြင်းဖြစ်ရမည်။

ဤကဲ့သို့သောလူသည် သဘာဝဥယျာဉ်ထဲ၌ ဦးတည်ရာမဲ့သွားရန် ချွင်းချက်မရှိပင်ဖြစ်သည်။ သူတို့စဉ်းစားသည်မှာ သူတို့ အရာအားလုံးကို လက်တွေ့ ကျကျ လုပ်ဆောင်ရန် သိသော်လည်း ဤကမ္ဘာမြေပေါ်၌ရှိသော အသက်ရှင်သောသတ္တဝါအားလုံးတို့၏ အတွင်းပိုင်း မျိုးစပ်များ၏ခွဲခြားမှုအချို့သော ချွင်းချက်များသည် အလွန်ထင်ရှားသော သဘာဝနိယာမ၏ အခြေခံ သဘောတရားထဲမှ တစ်ခုအားဖြင့် သတိမရှိစွာဖြတ်သန်းနေသည်။

ဤနေရာ၌ အသိပညာ၏ ပင်ကိုစရိုက်သည် မရည်ရွယ်ဘဲ မျိုးစိပ်များကို ထိန်းသိမ်းထားရှိခြင်း၏ နက်ရှိုင်းသော လိုအပ်ချက်ကို နားခံကြသည်။ အကယ်၍ တစ်ဦးတစ်ယောက်စီတိုင်း၏ ကုန်ကျစရိတ်လိုအပ်ခဲ့လျှင်၊ လက်တွေ့ ဘဝ၌ဘာတစ်မျှ မရှိသော လေထွား (Windbag) စစ်ဆန့်ကျင်ရေးဝါဒီ၏ အမြင်များကို ဆန့်ကျင်ဆန္ဒပြခဲ့သည်။ သို့သော်လည်း တိုးတက်မှု (ဆင့်ကဲဆင့်ကဲ ပြောင်းလဲခြင်း)၏ နိယာမများ ဥပေဒအရလက်ခံနိုင်ဖွယ်ရာ၊ အတ္တမာနဆိုင်ရာ၊ နှင့်အခြေအနေအမှန်ကို ဖုံးကွယ်ခြင်းရှိသော်ငြားလည်းသူရဲဘော ကြောင်စွာ ဖြင့်နေခဲ့သည်။

လူသားမျိုးနွယ်တိုးတက်လာခြင်းသည် အဆုံးအဆမရှိသော လှေကားကို တက်နေခြင်းနှင့်တူသည်။ အောက်ဆုံးခြေလှမ်းကို မစဘဲ အမြင့်ဆုံးကိုတတ် လှမ်းဖို့ရန် လုံးဝမဖြစ်နိုင်ပါ။

. . . . . သဘာဝတရားသည် အချက်များ၌ အားရကျေနပ်ခြင်းနှင့် မတုန်မလှုပ်ကြည့်ရှုနေသည်။ ကျန်းမာသန်စွမ်းသောအတွက်သာ အယူဝါဒ ဖြန့်ရန်အခွင့်အရေး (သို့) မှန်ကန်သောအရာကို ခွင့်ပြုရန် အမျိုးသမီးများအ တွက် ယောကျာ်းသားများ ရုန်းကန်လှုပ်ရှားနေရသောအချိန်တွင် တွက်ချက်မှု နည်းပါးခြင်း၏မလွန်ဆန်နိုင်မှု (သို့) အားနည်းခြင်းနှင့်ချူချာသောသူများအတွက် နေ့စဉ်အစာကိုရရန် ရုန်းကန်လှုပ်ရှားနေရသည်။ ရုန်းကန်လှုပ်ရှားခြင်းသည်မျိုးစပ်၏ ကျန်းမာရေးအခြေအနေ တိုးတက်ကောင်းရေးနှင့် ခုခံနိုင် ရည်အားအတွက် အစဉ်အမြဲရှိနေသော နည်းစနည်းပင်ဖြစ်သည်။ ထို့ကြောင့် ထိုအရာ၏ အမြင့်ဆုံးတိုးတက်မှု၏ အကြောင်းတရားပင်ဖြစ်ပါသည်။ တစ် ယောက်ချင်းစီတိုင်း၏ သန်မာခြင်းနှင့်အတူ သဘာဝဆိုင်ရာလိုအင်ဆန္ဒရှိသော အားနည်းသောသူများ၏ မိတ်လိုက်ခြင်းထက်ပိုသောအရာ မရှိတော့ပေ။ အနည်းငယ်သာ ပြုလုပ်ခြင်းပင်လျှင် သူမသည် အဆင့်နိမ့်ဆုံး သော မျိုးစုနှင့်အတူ အမြင့်ဆုံး အရောအနှောပြုလုပ်ရန် ဆန္ဒရှိနေသည်။ အရင်ကတည်းကသူမပြုလုပ်ခဲ့သည် သူမ၏အမြင့်ဆုံး အရောအနှောပြုလုပ်ခြင်းအား လုံးသည် နှစ်သန်းပေါင်းများစွာကျော်နှင့် တစ်ခါမှုတ်ခြင်းဖြင့် ပျက်စီးစေနိုင်လိမ့် မည်။

လူမျိုးစု၊ အသက်ရှင်သန်မှု၊ မျိုးစပ်များနှင့် ရွေးချယ်ခြင်း စသည့် သဘာ တရားနှင့်ဆိုင်သော ဟစ်တာလာ၏ ယူဆချက်များသည် ဒါဝင်နှင့် ဟေကီလ် (Haeckel)တို့ကို ဆက်သွယ်ရန် မငြင်းပယ်နိုင်သောအရာများဖြစ်ကြသည်။ ပညာတတ်တစ်ယောက်ဖြစ်သော ဝါနာ မာဆာ (Werner Maser)မှတ်ချက် ချခဲ့သည်။ “ဒါဝင်သည် ဇီဝဗေဒ၊ ကိုးကွယ်ခြင်း၊ စွမ်းအားနှင့် ရုန်းကန်လှုပ်ရှားမှု နှင့် သမိုင်းဆိုင်ရာ၌ သူ၏ ကိုယ်ကျင့်တရားဆိုင်ရာ ကျိုးကြောင်းဆက်နွယ်မှု၏ ငြင်းပယ်ခြင်းတို့၌ ဟစ်တလာ၏ အယူအဆများအတွက် ယေဘုယျ အရင်း အမြစ်ပင်ဖြစ်ပါသည်။

## ဒါဝင်၏ စီမံကိန်းကို ဥပဒေထုတ်ပြန်ခြင်း

ဂျာမနီနိုင်ငံသည် ယဉ်ကျေးမှုတိုးတက်သောနိုင်ငံတစ်နိုင်ငံဖြစ်သည်။ မြင်မားသော ယဉ်ကျေးမှုရှိသော ပညာတတ်နိုင်ငံလည်းဖြစ်ပြီး၊ သိပ္ပံဆိုင်ရာ ခေါင်း ဆောင်များကို မွေးထုတ်ပေးသောနိုင်ငံဖြစ်သည်။ ၁၉၃၉ခုနှစ်၌ ဂျာမနီ နိုင်ငံသည် ကမ္ဘာပေါ်တွင် ပညာတတ်အများဆုံးသော လူအဖွဲ့အစည်းအဖြစ် ပြောဆို ခြင်းကိုခံခဲ့ရသည်။ ဂျာမနီနိုင်ငံ၏ သိပ္ပံဆိုင်ရာ အင်အားကြီးမှုသည် သွေးကြွသော မျော်လင့်ချက်များကို ဦးဆောင်နေခဲ့သည်။ ဟစ်တလာသည် ဘာသာတရားကို သိပ္ပံပညာ၏ ရန်သူဟုခေါ်ဆိုခဲ့ပြီး၊ သိပ္ပံပညာသည် အချိန် ကျသည့်အခါ၌ ဘာသာတရားကို ဖျက်ဆီးလိမ့်မည်ဟု တွေထင်ခဲ့သည်။ “အကောင်းဆုံးသောအရာ” သည် ခရစ်ယာန်ဘာသာကို သဘာဝဆိုင် ရာသေခြင်း၌ သေစေသောအရာဟု ပြောဆိုခဲ့သည်။

ဟစ်တလာသည် သူ၏စွမ်းအားကြီးသော မျိုးနွယ်စုအောင်မြင်မှုရရှိရန် သိပ္ပံပညာကို ထိန်းချုပ်အသုံးချချင်ခဲ့သည်။ သူသည် သိပ္ပံပညာ၌ဂျာမန်လူမျိုး များကို မည်ကဲ့သို့ အမြင့်ဆုံးအဆင့်တန်းတွင်ထားရန် နာဇီခေါင်းဆောင်များကို မိန့်ခွန်းရှည်ဖြင့် ဝေငှပြီး ညအနေထိတိုင် ပြောဆိုမှုပြုလုပ်ခဲ့သည်။ ဟစ်တလာ အတွက် သိပ္ပံပညာသည် ခရစ်ယာန်ဘာသာ၏ ဒဏ္ဍာရီကို အဝေးသို့ နောက်ဆုံး တွင် တွန်းပို့သောအရာပင်ဖြစ်ပါသည်။ သူပြောဆိုခဲ့သည်မှာ-----

ခရစ်ယာန်ဘာသာ၏ တရားသေလက်ခံထားသောဝါဒသည် သိပ္ပံပ ညာ၏ ဆန်သစ်သောခေတ်မတိုင်မီ မှားယွင်းသောဘက်ကိုသွားနေသည်။ ဖြည်း ဖြည်းချင်း ဒဏ္ဍာရီကို တစ်စမီဖြစ်အောင်နင်းခြေပစ်သည်။ အရာအားလုံးထွက် ခွာသွားခြင်းသည် ကိုယ်အင်္ဂါအစိတ်အပိုင်းနှင့် ဇီဝမူလ အကြား ခြားခြင်း နေရာမရှိသော သဘာဝတရားထဲ၌ ထိုအရာကို သက်သေပြသောအရာပင်ဖြစ် သည်။ စကြာစဋ္ဌာပိုင်းဆိုင်ရာကို နားလည်လာသည့်အခါတွင် ကျယ်ပြန်လာခဲ့သည်။ လူသားများ၏ အများစုကိုသိလာကြသောအခါ၌ ကြယ်များသည် အလင်းရောင်၏ အရင်းအမြစ်မဟုတ်ဘဲ၊ ကမ္ဘာမြေကြီးသည် ကြွနိုပ်တို့၏ ကမ္ဘာကဲ့သို့ နေတိုင်ပြီးနောက် ခရစ်ယာန်တို့၏ အယူဝါဒသည် ရယ်မောဖွယ်ရာ ကောင်း သော စီရင်ချက်ကိုချခဲ့လိမ့်မည်ဖြစ်ပါသည်။

ဟစ်တလာနှင့် သူ့ကိုထောက်ခံသောသူများသည် ၁၉၂၀ မှ ၁၉၃၃ နှစ်တွင် အရေးအတွက်နှင့် လွှမ်းမိုးသည် တဖြည်းဖြည်းပို၍ များပြားတိုးတက်လာ သည်။ ဂျာမန်လူမျိုးများသည် ပထမကမ္ဘာစစ်၏ နောက်ဆက်တွဲ အရှက်တကဲ အကျိုးနည်းဖွယ်ရာဖြင့် အလွန်အရေးကြီးသော ပြောင်းလဲမှုအတွက် အသင့်ရှိ နေကြသည်။ ကြမ်းတမ်းသော ချုပ်ချယ်မှုသည် စိတ်အားထက်သန်စွာနှင့် ရှေ့သို့ သွားနေသော ယုံကြည်မှုကင်းမဲ့နေသော အစိုးရခေါင်းဆောင်များနှင့် မကျေနပ် ကို မွေးမြူခဲ့သော ဗာဆယ်လီးစ် (*Treaty of Versailles*) စာချုပ်အားဖြင့် နိုင်ငံကို ပြစ်ဒဏ်ချမှတ်ခဲ့သည်။ ဤအခြေအနေ၌ ဂျာမန်လူမျိုးများသည် ဒါဝင်ထံမှ ပြန်၍ရရယူထားခဲ့ခြင်း၊ ဂျာမန်နိုင်ငံ၏ ချစ်စိတ်ဓါက်ရှိသော သူများထိန်း သိမ်းထားခဲ့ခြင်းနှင့် လွှတ်လပ်စွာ ဂျူမုန်းတီးမှုများ စသည့် နာဇီအတွေးအခေါ် များကို ပို၍လက်ခံရန်အသင့်ဖြစ်လာကြသည်။

၁၉၃၃ခုနှစ်တွင် ဟစ်တလာပြန်၍ အာဏာရရှိလာသောအခါ ဒါဝင် ၏ဆင့်ကဲဆင့်ကဲပြောင်းလဲခြင်း၌ အခြေခံထားသော သူ၏ မူလအရင်း အမြစ် နှင့်ဆိုင်သော နာဇီ လူမျိုးရေး အတွေးအခေါ်ကို လုပ်ငန်းစဉ် တစ်ခုဖြင့် အာ ဏာရှင်နိုင်ငံအဖြစ် ထူထောင်ခဲ့သည်။ သူသည် ဆက်လက်အသက်ရှင်ရေး အတွက် ရုန်းကန်လှုပ်ရှားခြင်း၌ “မျက်နှာပေးခဲ့ရသည့်” လူမျိုးကို ထိန်းသိမ်းရန် ဆိုသော ဒါဝင်၏ ဝေါဟာရထဲ၌ ရှာဖွေခဲ့သည်။ တိရစ္ဆာန်ကဲ့သို့ ရက်စက်သော ခွန်အားနှင့် အသိဉာဏ်ရှိခြင်းသည် နာဇီစီမံကိန်း၏

စွမ်းအားကို မောင်းနှင်း နေစေလိမ့်မည်ဖြစ်သည်။ ပထမဦးဆုံးသောအလုပ်သည် အားနည်းသောသူနှင့် ပျက်စီးနေသောလူမျိုး၏ မသန့်စင်သော သွေးသားရှိသောသူတို့ကို ရှင်းထုတ်ပစ် ရန်ဖြစ်သည်။ ထိုအရာများတွင် ကိုယ်လက်အင်္ဂါ ချို့ယွင်းသောသူများ၊ ဖျားနာသောသူများ၊ ဂျူးများနှင့် ဂျက်ပစီ (*Gypsies*)များပါဝင်ကြသည်။ ဒုတိယအနေဖြင့် နာဇီများသည် ပိုမို၍ကျယ်ဝန်းသောနေရာ ရရှိရန် (သို့) မျက်နှာ သာပေးခံရသည့်လူမျိုးများ ကျယ်ပြန့်ခြင်းအတွက် နေရာပြုလုပ်ရန် (*Lebensraum*) ဂျာမနီနိုင်ငံ၏ နယ်နိမိတ်ကို တိုးချဲ့ရန် ရှာဖွေခဲ့သည်။ တတိယ အနေဖြင့် နာဇီတို့သည် ကွန်မြူနစ်ဝါဒကို ရှင်းထုတ်ပစ်ရန်ချမှတ်ခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ကွန်မြူနစ်ဝါဒသည် အီရန်လူများကို ပြုမူဆက်ဆံ နေသောကြောင့်ဖြစ်သည်။ ဟစ်တစ်လာ၏သဘောအရ ကွန်မြူနစ်ဝါဒသည် ဗော်လရှီဗစ် (Bolshevik Jews)ဂျူးလူမျိုးများတို့၏ အလုပ်ဖြစ်သည်။

စီမံကိန်းသည် လျင်မြန်စွာဖြင့် ဖြန့်ခင်းလာသည်။ သားကြောဖြတ်နိုင်ဖို့ရန် အချို့သော ဂျာမန် ၄၀၀၀၀၀ တို့သည် ၅လအတွင်း ဟစ်တလာ အာဏာရ ရှိရန် ထုတ်ပြန်ကြေညာခဲ့သည်။ သားသမီးမရရှိခြင်း၊ အားနည်းသောစိတ်ဓါတ်၊ စိတ်ကျစဉ့်ကလျား ရောဂါ၊ မျိုးရိုးလိုက်၍ ကိုယ်လက်အင်္ဂါချို့ယွင်းခြင်း၊ Huntington's chorea၊ ဝက်ရူးပြန်ရောဂါ၊ နှင့် အရက်စွဲရောဂါစသည် မကောင်းသော အတန်းအစား (၉)မျိုးကို စာရင်းပြုစုရန် ၁၉၃၄ခုနှစ် ဇန်နဝါ ၁ရက်တွင် အမိန့်သည် ထိရောက်စွာကျလာခဲ့သည်။ နာရမ်ဘက်ချ် (Nuremberg) ဥပဒေများသည် ဂျူးလူမျိုးများနှင့် ဂျာမန်လူမျိုးအကြား လက်ထက်ထိန်းဖြားခြင်းကို တားမြစ်ရန်နှင့် ဂျူးလူမျိုးများ ဂျာမန်နိုင်ငံသား ဖြစ်ခြင်းကိုခါထုတ်ပစ်ရန် ၁၉၃၅ ခုနှစ်၌ ထုတ်ပြန်ကြေငြာခဲ့သည်။

နာဇီများသည် လူသားသန့်ဗေဒ (eugenics) ဥပဒေကို ပြဒါန်ခဲ့ခြင်းကို အတည်ပြုရန် လူသားသန့်ဗေဒတရားရုံကို တည်ထောင်ခဲ့ကြသည်။ မသင့်လျှော် မှုကို သက်သေပြနိုင်ရန် ဂျာမန် လူသားသန့်ဗေဒပညာရှင်များသည် ဆေးရုံများ နှင့် အမျိုးသားကျန်းမာရေးဝန်ဆောင်မှုများထံမှ ဆေးမှတ်တမ်းများနှင့်အတူ သန်းပေါင်းများစွာသော ဂျာမန်လူမျိုးများ၏ ဆေးမှတ်တမ်းတစ်ခုစီတိုင်းကို နှိုင်းယှဉ်ခဲ့ကြသည်။ အမေရိကန် စီးပွားလုပ်ငန်းအိုင်ဘီအမ် (IBM) သည် ချွတ်ယွင်းချက်ရှိသော အက္ခရာစဉ်ကိုဖြတ်သန်းမည့် အမျိုးသား ကတ်ဖိုင်စနစ် ကို လူသားအစားစက်ကို အစားထိုးသုံးခဲ့ခြင်းအားဖြင့် ကြိုးစားမှုကို ထောက်ပံ့ ခဲ့သည်။ ဂျာမန် လူသားသန့်ဗေဒပညာရှင်များကို ဦးဆောင်နေသော အိုမာ ဖာဟာ ဗွန် ဗာချာ (Otmar Freiherr Von Verschuer)သည် လူသားသန့်ဗေဒ သုတေသနကြိုးစားမှု၌ ပေါ်ထွက်လာခဲ့သည်။ ဗာချာသည် မျိုးရိုးလိုက်သော ဇီဝဗေဒပညာရပ်နှင့် ဖရန့်ခ်ဖူးတ် (Frankfurt)တက္ကသိုလ်၌ လူမျိုးစု ရောဂါ ကာကွယ်ရန် တစ်ကိုယ်ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းအတွက် တက္ကသိုလ်တစ်ခု တည်ထောင်ခဲ့သည်။ တက္ကသိုလ်၏ အထူးတာဝန်သည် “အပြင်ဘက်မှာလာ သော မည်သည့်တိုက်ခိုက်မှုမျိုးမဆို ကြံ့ကြံ့ခံနိုင်ပြီး သန်မာသောအခြေခံ အကြောင်းရင်းရှိသကဲ့သို့ ကမ္ဘာကြီးကို ဦးဆောင်နေသော ဂျာမနီသည် မျိုရိုး ဗီဇနှင့် လူမျိုးများကို စောင့်ရှောက်ခြင်းသေချာဖို့ရန်အတွက် တာဝန်ရှိသောအဖွဲ့ အဖြစ် ပြောဆိုခဲ့သည်။

၁၉၁၁ခုနှစ်၌ သေဆုံးခဲ့သော ဖန်းစီးစ် ဂါလတွန် (Francis Galton) သည် ဂျာမနီနိုင်ငံ၌ သူ၏ လူသားသန့်ဗေဒအတွေးအခေါ်ကို မြင်နိုင်ဖို့ရန် အလွန်ပင် ကျေနပ်အားရနေခဲ့သည်။ အမေရိကန် လူသားသန့်ဗေဒပညာ ရှင်များသည် သေချာစွာလုပ်ဆောင်သောသူများဖြစ်ကြသည်။ သူတို့သည် ဗာချာ (Verschuer)နှင့် ဂျာမန် သားကြောဖြတ်ခြင်းအစီအစဉ်ကို ချီးကျူးဂုဏ် ပြုခဲ့ကြသည်။ လူသားသန့်ဗေဒကိုဦးဆောင်သော သူများသည် လူသား သန့်ဗေဒနှင့်ဆိုင်သောသတင်းကို ကောင်းမွန်သော

ပတ်ဝန်းကျင်နှင့် သူ၏အ လုပ်သစ်အောင်မြင် ရန်အတွက် ဒေါက်တာ အိုမာ ဖာဟာ ဗွန် ဗာချာ (Otmar Freiherr Von Verschuer)ထံသို့ "အကောင်းဆုံးသော ဆန္ဒများ" ကို တိုးချဲ့ခြင်း အားဖြင့်အဆုံးသတ်ခဲ့သော ဗာချာတက္ကသိုလ်ကို လေးစားအားဖြင့် ဆောင်း ပါးကို ထုတ်ဝေခဲ့သည်။

ဂျာမန်နှင့် အမေရိကန် လူသားသန့်ဗေဒအားပေးသူများသည် ၁၉၃၀ခုနှစ်အတွင်း အထူးကောင်းမွန်သော အဖွဲ့အစည်းဖြစ်ခဲ့ကြသည်။ ဟစ်တလာ၏ လူသားသန့်ဗေဒများ၏ ညွှန်ကြားချက်သည် ၂၀ရာစုအလယ်ပိုင်း၌ အမေရိကန်လူသားသန့်ဗေဒများ၏ တိုက်ပွဲကို လေ့လာခြင်း၊ "စစ်ပွဲသည် အားနည်းသောသူများကို အောင်မြင်ခြင်း" ဆိုသည့် စာအုပ်ကိုရေးသော စာရေး ဆရာ အက်တ်ဝင်ဘလက်ခ် (Edwin Black)အရ အမေရိကန် လူသားသန့်ဗေဒ နှင့် သူတို့၏တက္ကသိုလ်တို့၏ ပွင့်လင်းသော ဦးဆောင် သဘောတူညီချက်တို့ ကို ပျော်ရွှင်ဝမ်းမြောက်ခဲ့ကြသည်။ အင်္ဂလန်နိုင်ငံအသစ်၏ ဆေးပညာပိုင်းဆိုင် ရာ ဂျာနယ်ကို ၁၉၃၄ခုနှစ်၌ အယ်ဒီတာ၏ အာဘော်သည် " ဂျာမနီနိုင်ငံ သည် မသင့်လျော်သော (မကျန်မာသော) သူများအကြား ကန့်သတ်ချက်ရှိသော မျိုးအောင်ခြင်း၌ အလွန်ပင်တိုးတက်အောင်မြင်သော နိုင်ငံတစ်ခု ဖြစ်တန်ရာ ၏" ဟုဖေါ်ပြခဲ့သည်။

အမေရိကန်လူသားသန့်ဗေဒပညာရှင်များသည် လူသားများ၏ ဆင့်ကဲ ဆင့်ကဲပြောင်းလဲမှုကို ယုံကြည်လက်ခံခဲ့ကြပြီး၊ လူသားသန့်ဗေဒသည် အမေရိက နှင့် ဂျာမနီ၌ အဆင့်မြင့်မားစွာ ဆင့်ကဲဆင့်ကဲပြောင်းလဲခဲ့ခြင်းကို အောင်မြင်ရန် လုပ်ဆောင်ခဲ့သော အဖွဲ့အစည်းအဖြစ် မြင်ခဲ့ကြသည်။ အေရန် (Aryan) လူမျိုး မွေးမြူရေးသည် လူသားသန့်ဗေဒလှုပ်ရှားမှု၏ အတွေးအခေါ်နှင့် အမှန်တကယ်ပင် ကိုက်ညီသော အဖွဲ့အစည်းပင်ဖြစ်ပါသည်။ အဆုံးမှာတော့ ဘုရားသခင် နှင့် လူသားမျိုးနွယ်စုများကို ဖန်းဆင်းခဲ့သော သူ၏အံ့ဖွယ်ရာကောင်းခြင်းသည် ငြင်းပယ်ခြင်းကိုခံခဲ့ရပြီး၊ အရာအားလုံး၏ အစီအစဉ်မကျသော ဥပဒေသသည် လျှင်မြန်ဖြင့် လက်ခံနိုင်ဖွယ်ရာအဖြစ် ဖြစ်လာကြသည်။

အမေရိကန်၌ရှိသော လူသားသန့်ဗေဒသည် အဆွယ်အပွား လှုပ်ရှားမှု မဟုတ်ပါ။ ယူနိုင်တက်စတိတ် (U.S)နိုင်ငံတော်တရားရုံးချုပ်သည် ၁၉၂၇ ခုနှစ် အုပ်ချုပ်ချိန် အတွင်းတွင် အုံးနှောက် မမှန်သော ဗာဂျီနီးယား အမျိုးသမီး၏ သားသမီးမထွန်းကားခြင်းကို တရားဝင်ခွင့်ပြုချက်အဖြစ် ထုတ်ပြန်ကြေညာ ခဲ့သည်။ တရားရုံအပေါ် သူ၏အမြင့်ဆုံး ထင်မြင်ချက်သည် ဖြောင့်မတ်ပါ သည်ဟု အိုလီဗာ ဝါန်ဒီလ်း ဟိုမက်စ် (Oliver Wendell Holmes)က ရေးသား ခဲ့သည်။

ထိုအရာသည် ကမ္ဘာတစ်ခုလုံးအတွက် ကောင်းသောအရာဖြစ်ပါသည်။ ပြစ်မှုကျူးလွန်ခြင်းအတွက် ကိုယ်ကျင့်တရားပျက်သောသူများ၏ သားသမီးများ ကို သတ်ဖြတ်ပစ်ရန် စောင့်စားနေခြင်းထက်၊ (သို့) သူတို့၏မိုက်မဲခြင်းအတွက် သူတို့ကို အစာရေစာ ငတ်ပြတ်ပါစေဆိုသည်ထက် အဖွဲ့အစည်းသည် ဆက်လက် ဖြစ်ပျက်နေသော သူတို့၏ မျိုးစပ်မှ ထင်ရှားသည့် မသင့်လျှော်သောသူများ ကို တားဆီးနိုင်ပါသည်။ မဖြစ်မနေပြုလုပ်ရမည့် ကာကွယ်ဆေးထိုးခြင်း၏ အကျိုးပြုခြင်း အခြေခံသဘောတရားသည် ဖြတ်တောက်သော သားအိမ်ပြွန်ကို ဖုံးအုပ်ရန် လုံလောက်သည့် ကျယ်ပြန့်မှုဖြစ်ပါသည်။ ဂျက်ကော့ဆန် ဗွီ မတ်စ် စာချူစက် (Jacobson v. Massachusetts) ၁၉၇ ယူနိုက်တက်စတိတ် ၁၁ က ပြောသည်မှာ ဉာဏ်ရည်မမှီသော လူမျိုးဆက်သုံးဆက်ဆိုရင် လုံလောက် ပါသည်ဟူ၍ ဖြစ်သည်။

ဟစ်တလာသည် ၁၉၃၉ခုနှစ်၌ ပိုလန်ကို ကျူးကျော်ဝင်ရောက်ခဲ့ပြီး နောက် နာဇီသည် အားနည်းသောသူများထံသို့ ရန်လိုခြင်းများ ပိုမို၍ဖြစ်ပေါ် လာခဲ့သည်။ ၁သိန်းနီးပါသော ဂျာမန်များသည် "သုံးစားမရသော စားသုံးသူ" များအဖြစ် နာမည်တပ်ခံရပြီး၊ နာဇီများ၏ သတ်ခြင်းကိုခံခဲ့ရသည်။ ဒုက္ခသည် များသည် သူနာပြုအိမ်များနှင့် ဆေးရုံများ၌ လူနာများအဖြစ်ရှိနေခဲ့ကြပြီး၊ ဂျူးလူမျိုး များသည်လည်း စိတ်ပိုင်းဆိုင်ရာ နောက်ယှက်ခံရခြင်းနှင့် ဒုက္ခိတများ ဖြစ်ခဲ့ကြသည်။ နာဇီများသည် ထိုသူအားလုံးကို ဇီဝန်ခြွေရန် အမိန့်ချခဲ့ကြသည်။

ဤကဲ့သို့ ရန်လိုသောဇီဝန်ခြွေခြင်း ညွှန်ကြားချက်သည် ဆေးပညာဆိုင် ရာကျောင်းများနှင့် သူနာပြုကျောင်းများ၌ရှိသော ၇သောင်း မှ ၈သောင်း ကြားတွင်ရှိကြသော အသက်ရှင်သောသူများနိဂုံးချုပ်အားဖြင့် အစပြုခဲ့ကြ သည်။ နာဇီများသည်လည်း ၁သောင်းမှ ၂သောင်းရှိသော တရားမဝင်သော သူများကိုငှင်း၊ မသန်စွမ်းသော လူနာများကိုငှင်း၊ သူတို့၏ကျန်းမာရေးအတွက် ပြုစုရန်လိုအပ်သော အသက် ၃နှစ်မှ ၃၀နှစ်အကြားရှိ အချို့သော ကလေးသူငယ် ၃ထောင်ကျော်ကို သတ်ဖြတ်ခဲ့သည်။ ဂျာမန်အသင်းတော်များသည် နောက် ဆုံးတွင် ဆန္ဒပြခဲ့ကြပြီး၊ လူထုမကြိုက်မနှစ်သတ်သော ဤညွှန်ကြားချက်ကို ရပ်ဆိုင်းရန် ဟစ်တလာကို ဖိအားပေးခဲ့ကြသည်။ သူသည် ၁၉၄၁နှစ် တွင် ထိုညွှန်ကြားချက်ကို ဆက်လက်၍ မလုပ်ဆောင်တော့ဘဲ၊ အဖွဲ့အစည်းကို ပြန်လည်သုံးသတ်ခြင်းအားဖြင့် ဂျူးလူမျိုးကိုသတ်ဖြတ်ရန် ဤညွှန်ကြား ချက်ကိုအသုံးပြုခဲ့သည်။

တတိယ ဂျာမန်အင်ပါယာသည် ဂျူးများ၊ ဂျက်ပစီများ၊ ယေဟောဝါ သက်သေခံများ၊ ခန္ဓာကိုယ်ချို့ယွင်းသူများ၊ လိင်တူဆက်ဆံခြင်းများ၊ အချင်းချင်း ရှိုင်းပင်းကူညီသူများနှင့် လူသားထက်အဆင့်နိမ့်သောသူကဲ့သို့ နိုင်ငံရေးရာ၌ အစိုးရနှင့် သဘောထားကွဲလွဲ ဆန့်ကျင်သူများစသောသူများကို မေးမှိန်စေခဲ့ သည်။ နာဇီသည် သူတို့၏ အလုပ်အကိုင်များ၊ ရာထူးများကို ရယူခဲ့ပြီး ထောင် သွင်းအကျဉ်းချခဲ့သည်။ ထို့နောက်သူတို့ကို နိုင်ငံရေးအကျဉ်းသားစခန်းသို့ ရွှေ့ ပြောင်းစေခဲ့ကြသည်။ ၁၁ သိန်းကျော်သော လူများနှင့် (ထိုထက်မကလည်း ဖြစ်နိုင်ပါသည်) ဂျူးလူမျိုး ၆ သိန်းကျော်တို့သည် နာဇီတို့၏ သေစေနိုင်သော လက်နက်များအားဖြင့် အသက်ခံခဲ့ရသည်။ ၃ သိန်းနီးပါးရှိသော ရုရှားစစ် အကျဉ်းသားများသည် သေဆုံးသည့်ထိတိုင် အစာအငတ်ခံခဲ့ရကြပြီး၊ အကျဉ်း သား ၅သောင်းကို ဂျာမနီများက သတ်ဖြတ်ခဲ့ကြသည်။

ဂျာမနီများသည် လူများစွာ တစ်ကြိမ်တည်းဖြင့် ပစ်သတ်ခဲ့ခြင်းကို အများစုဖြစ်ကြသော ဂျူးလူမျိုး ယောကျ်ား၊ မိန်းမများနှင့် ကလေးသူငယ်များ ကို နှစ်ရက်အတွင်း ၃၃၃၇၁ ယောက်ကို သတ်ခဲ့သောနေရာ ယူကရိန် (Ukraine)၊ ဗက်ဗီယားရာဗီနေး (Babi Yar Ravine)မြို့နေရာ၌ပင် ဖြစ်သည်။ ၁၉၄၂ ခုနှစ်ထိတိုင် လူမြောက်မြားစွာကိုသတ်ဖြတ်ခဲ့ခြင်း၏ အဓိကကျသော နည်းလမ်းသည် များပြားသောအုတ်ဂူများ၏ဘေး၌ ဒုက္ခသည်များကို သေနတ် နှင့် ပစ်သတ်ခဲ့ခြင်းပင်ဖြစ်သည်။ နာဇီများသည် သူတို့၏ ဒုက္ခသည်များကို အလုံးပိတ်ထားသော တရပ်ကားများတွင်ထည့်၍ ဂတ်စ်များကိုလွှတ်သောနည်း လမ်းကို စတင်အသုံးပြုခဲ့ကြသည်။ အဘယ့်ကြောင့်ဆိုသော် ထိုအရာသည် ပိုမို၍ ထိရောက်ပြီး၊ စစ်သားများအတွက် အလုပ်ရှုပ်သက်သာစေခဲ့သည်။ အက်စ် အက်စ် (SS) အရာရှိကြီးတစ်ယောက်ပြောကြားသည်မှာ- "ထိုအချိန်က ကျွန်တော့်ရဲ့ စိတ်အာရုံထဲ၌ ဦးစားပေးပြီးစဉ်းစားသော အရာများသည်- သေနတ်ပစ်ခတ်ခြင်းသည် ပါဝင်ခဲ့သည့် ယောကျ်ားများထံသို့ အလွန်ပင် အားအင်ကုန်ခန်းခဲ့ကြပြီး၊ ထိုကဲ့သို့ အားအင်ကုန်ခန်းခြင်းကို ဂတ်စ်များအသုံး ပြုခြင်းအားဖြင့် ဖယ်ရှားပစ်ခဲ့ကြသည်"။ အချို့သောဂျာမန်စစ်သားများသည် ထိုနည်းလမ်းကို တုံ့ပြန်ခဲ့ကြပြီး၊ အချို့သောဂျာမန်စစ်သားများသည် သူတို့ ရွံရှာမုန်းတီးသော သူများကိုတွေ့ပြီး သတ်ဖြတ်ခြင်းများနှင့် အလွန်ပင် အားရ ကျေနပ်ခဲ့ကြသည်။

အဆင့် ၁၆ ရာထူးရှိသော ဂျာမန်အရာရှိများသည် ၁၉၄၂ခုနှစ် ဇန်န ဝါလ ၂၀ ရက်နေ့တွင် ညီလာခံအတွက် “နောက်ဆုံးဖြေရှင်းချက်” ကို စုစည်းရန် ဘာလင်မြို့၏ အပြင်ဘက်၌ရှိ အထက်စီးမှမြင်နိုင်သော အပန်းဖြေ ဂရီဆာ ဝမ်ဆေး (Grosser Wannsee)ရေကန်၌ တွေ့ဆုံခဲ့ကြသည်။ ထိုအချက်၌ ဥရော ပတိုက်အားလုံးနီးပါးသည် နာဇီများ၏ အုပ်ချုပ်မှုအောက်တွင် ရှိခဲ့ကြပြီး၊ ဂျာ မန်များသည် ကျဆုံးဖို့ရန် အဆင်သင့်နီပါးအဖြစ်ထင်ရသော ရုရှားနိုင်ငံထဲ သို့ ဝင်ရောက်လာခဲ့ကြသည်။ ထိုအရာသည် ဂျူလူမျိုးများ၏ မေးခွန်းနှင့် ဆက် နွယ်နေသောအချိန်ပင်ဖြစ်ပြီး၊ ပန်းတိုင်းသည် ဥရောပတိုက်တွင် ရှိသော ဂျူးလူမျိုး ၁၁သိန်းကို သတ်ဖို့ရန်ပင်ဖြစ်ပါတော့သည်။

ဂျာမန်စစ်သားများ ဂျူးလူမျိုးကို သေနပ်နှင့်ပစ်ခဲ့ကြပါသလား။ ထို အရာသည် စိတ်ဓါက်ကျဆင်းစေပြီး၊ ဂျာမန်စစ်သားများ ထိုနည်းလမ်းကို အသုံးပြုရန် မထိရောက်သော အရာပင်ဖြစ်လိမ့်မည်ဟု ထိုအချင်းအရာသည် ပြော၍နေသည်။ ဆွေးနွေးခြင်းတွင် “သဘာတရားနှင့်ဆိုင်သော လျော့နည်း လာခြင်းနှင့် သဘာ တရားရွေးချယ်ခြင်းကဲ့သို့သော ဒါဝင်၏ဝေါဟာရများကို ကိုးကားမှီငြမ်းခဲ့ပြီး၊ သဘာတရားရွေးချယ်ခြင်းသည် သိပ္ပံဆိုင်ရာ အချက်အလက်အဖြစ် ထောက်ခံခဲ့သည်ဟူသော အယူအဆကို ဖော်ပြခဲ့ကြသည်။

ဂျူးများသည် သဘာတရားနှင့်ဆိုင်သော လျော့နည်းခြင်းအားဖြင့် များစွာသောဂျူးအချို့ကို ဖယ်ရှား သုတ်သင်ခြင်းခံရမှာဖြစ်သော မျော်လင့် ခြင်းနှင့်အတူ အာဏာဖြင့်အလုပ်များကို လုပ်ရန်အတွက် အရှေ့ဘက်သို့ ပို့ခံရသူများဖြစ်သည်ဟု အက်စ်အက်စ် (SS)ခေါင်းဆောင် ရိန်းဟာ့ ဟေးဒရစ် (Reinhard Heydrich)က ပြောကြားခဲ့သည်။ ခက်ခဲကြမ်းတမ်းသော အလုပ် ကြမ်း အခြေအနေများနှင့် ရုန်းကန်လှုပ်ရှားရသူများသည် အသက်ခံခဲ့ရသည်။ “သူတို့ဟာ သင့်လျှော်သော အရေးယူမှုပေးအပ်ခြင်းခံကိုခံရကြရမည် အဘယ် ကြောင့်ဆိုသော် သူတို့သည် သဘာဝတရားရွေးချယ်ခြင်း ကို ကိုးစားပြုကြလို့ပါ ဘဲဟု စကားလုကိုအသုံးပြုပြီး ဟေးဒရစ်က ပြောဆိုခဲ့သည်။

သဘာဝတရား ရွေးချယ်ခြင်းသည် သန်မာဆုံးသောသူများနှင့် ရုန်ကန်းလှုပ်ရှားရန် ပို၍သင့်လျော်သောသူများကို ခွင့်ပြုရန် အားနည်းသော သူများ၏ရှင်းထုတ်ခြင်းကို ရရှိခံစားခဲ့ရသည်။ သစ်ပင်၏ အခက်များကို သင်ရှင်း လင်းသကဲ့သို့လူသားများ၏အသက်ပင်၍ရှိ သော မလိုချင်သည့် အကိုင်းအ ခတ်များကိုလည်း သင်ရှင်းပစ်နိုင်ပါသည်ဟု အကြံပြုခဲ့သည်။ “နောက်ဆုံးဖြေ ရှင်းချက်” သည် များပြားသောလူများကို ရှင်းလင်းပစ်ရန်ဖြစ်ပြီး၊ အားနည်း၍ မကောင်းသော အကိုင်းအခတ်ဟုခေါ်တွင်သော သိန်းပေါင်းများစွာကို ရှင်းပစ် ခဲ့သည်။ ဒါဝင်သင်ကြားခဲ့သကဲ့သို့ လူသားသည် ဘာမျှမဟုတ်သောသူဖြစ်သည် ဟုဆိုလျှင် တိရိစ္ဆာန်များဟာ အဘယ်အရာအနည်း။ အကယ်၍ ထိုအရာသည် မကြိုက်မနှစ်သက်သည့် တရိစ္ဆာန်များကို ရှင်းပစ်ခြင်းသည် လူကျင့်ဝတ်နှင့်ဆိုင် သောအရာဖြစ်လျှင် ဒါဝင်၏တွေးခေါ်မှုအောက်၌ ရှိသောထိုအရာသည်လည်း ဘဲ ၆သိန်းသောဂျူးများ၏အသက်ကိုယူသော လူကျင့်ဝတ်နှင့်ဆိုင်သောအရာပင် ဖြစ်ပါသည်။

နာဇီဝါဒ၏ ရက်စက်ကြမ်းကြုတ်ခြင်းများသည် ဘယ်တော့မှ မေ့ပျောက်နိုင်လိမ့်မည်မဟုတ်ပါ။ မထောက်မညှာပြုခြင်း၏ အမဲစက်၊ အောက်တန်းကျခြင်း၊ ဒေါသထွက်အောင် မုန်းတီးခြင်းနှင့် လူသားများ၏အသက်ကို စိတ်မချမ်းမြေ့ဖွယ်ရာရယူခဲ့ခြင်းသည် အစဉ်အမြဲပင် ဟစ်တာလာနှင့် နာဇီပါတီ ၏ ပတ်လည်တွင် ရှိလိမ့်မည်ဖြစ်ပါသည်။ အလွန်အမင်ဒုက္ခခံစားရခြင်း၊ နှိုက် စက်ခံရခြင်း၊ နာကျင်ခြင်းနှင့် ပြင်းထန်သော အရှက်ကွဲမှုများကို ဂျူးလူမျိုးများ နှင့် အခြားသော နာဇီဒုက္ခသည်များသည် ဘယ်သောအခါမှ မေ့နိုင်လိမ့်မည် မဟုတ်ပေ။ ဂျာမန်လူမျိုးများသည် သူတို့၏ကိုယ်ကျင့်တရားနှင့် ဝိညာဉ်ပိုင်းဆိုင် ရာ အမွေကို ဆုံးရှုံးခဲ့ကြသည်။ သူတို့၏ခေါင်းဆောင်များသည်

ဒါဝင်၏ ဆင့်ကဲ ဆင့်ကဲပြောင်းလဲခြင်းကို ထွေးပိုက်ထားခဲ့ပြီး၊ မျိုးနွယ်တို့၏ ပြဿနာကိုရရှိရန် ထိုအရာကို လက်တွေ့အသုံးချခဲ့သည်။ ထိုအရာကို လက်တွေ့အသုံးချနေရင်း သူတို့သည် ကျေးဇူးသခင်ဖန်းဆင်းရှင်ထံမှ ထွက်ခွါသွားခဲ့ကြပြီး၊ သူ၏ ပညတ် တော်များကို ငြင်းပယ်ခဲ့ကြသည်။

ဒါဝင်နှင့် ဟစ်တလာအကြားတွင် အဆက်အသွယ် (သို့) ချိတ်ဆက်မှု ရှိပါသလား။ ဝေကာ့တ် (Weikart) သည် ဒါဝင်နှင့်ဟစ်တလာအကြားတွင် အဆက်အသွယ်ရှိပါသည်ဟု ပြောဆိုခဲ့သည်။ သူသည် ဒါဝင်မှ ဟစ်တလာ ထံသို့ရောက်ရှိလာသော လမ်းကြောင်းကို ရှင်းလင်းလွယ်ကူသော ပုံစံနှင့် ရေးဆွဲ ခဲ့သည်။

ပထမဦးဆုံး၊ ဒါဝင်၏အယူအဆသည် ကိုယ်ကျင့်တရား၏အစဉ်အလာ နှင့် လူ့အသက်၏ တန်ဖိုးကို လျော့ပါးစေသည်။ ထို့နောက် ဆင့်ကဲဆင့်ကဲပြောင်း လဲခြင်းဆိုင်ရာ တိုးတက်ပြောင်းလဲသောအရာသည် အသစ်သော ကိုယ်ကျင့် တရား၏ အရေးပါသောအရာ ဖြစ်လာသည်။ ထိုအရာသည် ဒါဝင်၏အခြေခံ သဘောတရားထဲတွင် တွေ့ရှိခဲ့သော လူသားသန္တေ၏တိုးတက်လာမှုကို အ ထောက်အကူပြုခဲ့သည်။ အချို့သော လူသားသန္တေများသည် မသန်မစွမ်း သူများကို ညင်သာစွာ ဇီဝန်ခြွေပေးခြင်းနှင့် ကလေးသတ်ဖြတ်မှုကို ထောက်ခံ အားပေးခြင်းဖြင့် အစပြုခဲ့ကြသည်။ တူညီသောလမ်းကြောင်းပေါ်၌ အချို့ အရေးပါသော ဒါဝင်၏နောက်လိုက်များသည် တည်ရှိနေခြင်းအတွက် ဒါဝင်၏ယုံကြည်မှုကို ရှုန်းကန်လှုပ်ရှားရသော အစိတ်အပိုင်းသည် လူသား မျိုးနွယ် ယှဉ်ပြိုင်ခြင်း နှင့် စစ်ပွဲများဖြစ်သည်ကြသည်ဟု ထောက်ခံခဲ့သည်။ ဟစ်တလာသည် ဂျူးမုန်းတီးရေး ဝါဒကို ပြင်းပြင်းထန်ထန်ဖြင့် မွေးနှောက်ခဲ့ပြီး ထိုဒါဝင်၏လူမှုရေးအတွေးများကို ခံယူခဲ့သည်။ ထိုအရာကို သင်ရရှိခဲ့ပြီးသော ဒုတိယကမ္ဘာစစ်အတွင်း နာဇီတို့ ဂျူးများကို အစုအလိုက်အပြုံလိုက်သတ်ခြင်း ပင်ဖြစ်သည်။

မည်ကဲ့သို့ ဒါဝင်၏ဆင့်ကဲဆင့်ကဲပြောင်းလဲခြင်းသည် ဟစ်တလာ၏ နာဇီဝါဒကို မွေးဖွားပေးခဲ့သနည်းဟူသော မေးခွန်းကို ယနေ့ ဆင့်ကဲဆင့်ကဲ ပြောင်းလဲခြင်း ကိုလက်ခံသောသူများကို မေးခဲ့ကြသည်။ သူတို့သည် ချက်ခြင်း ပင် ထိုမေးခွန်းအတွက် တောင်းပန်ချင်ကြပြီး၊ လူမျိုးခွဲခြားရေးဝါဒသည် သိပ္ပံ ပညာနှင့် ပြုလုပ်စရာဘာမှ မရှိပါဟု ဖြေကြားကြပါသည်။ သူတို့မှန်ပါသည်။ လူမျိုးခွဲခြားရေးဝါဒသည် သိပ္ပံပညာနှင့် ဆက်နွယ်မှုမရှိပါ အဘယ့်ကြောင့်ဆို သော် ထိုအရာသည် မလွဲမရှောင်သာဖြစ်သော ဆင့်ကဲဆင့်ကဲပြောင်းလဲခြင်း ၏ အချက်အလက်နှင့်အရာအားလုံးကို ပြုလုပ်ခြင်းပင်ဖြစ်ပါသည်။

ထိုအရာအားလုံးသည် စိတ်မချရသော ဒါဝင်၏ ငြင်းခုန်ခြင်းများထံ နောက်သို့ ခြေရာခံနိုင်ပါသည်။ သူသည် မျိုးစပ်များ၏ဇစ်မြစ်ကို တိကျစွာရှင်း လင်းဖော်ခြင်းနှင့် ရှင်းပြရန် ရှာဖွေခဲ့သည်။ သို့သော် “မျိုးစပ်များသည်” မည် သည့်အရာနည်းဆိုသည့် အဓိပ္ပါယ်ကို မဖွင့်ဆိုနိုင်ဘဲ၊ “မျိုးဆက်” ၏ လုံလောက် သော အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ပေးရန်ပင် မတတ်နိုင်ခဲ့ပေ။ သူသည် ထိုအရာ များ၏ဝေါဟာရကို အဓိပ္ပါယ်ဖွင့်ရန် စိတ်ပျက်ဖွယ်ရာပင် အရေးနိမ့်ခဲ့ရသည်။ လူသားကို ညီမျှခြင်းထဲ၌ သူပို့လိုက်သောအခါနှင့် လူသားသည် လူဝံနှင့်ဆက် နွယ်မှုရှိသည်ဟု ပြောသည့်အချိန်တွင် ထိုအရာသည် ပိုမို၍ လွဲကျော်သွားမှုကို ရရှိခဲ့သည်။ တူညီသော အဆင့်အတန်းပေါ်၌ လူသားကို နေရာပေးခြင်းသည် တရိစ္ဆာန်များကဲ့သို့ ဤမိုက်မဲသောအတွေးအခေါ်၏ ကြောက်စရာကောင်းသော လျှောက်လွှာကို ဖြစ်လာရန် ပြုလုပ်ခြင်းပင်ဖြစ်သည်။ လူသားသည် နာဇီများ ၏ သေစေသောလက်နက်များဖြင့် ပြုလုပ်ခဲ့ပြီးသောအရာနှင့် အရာတစ်ခုကို ဆုပ်ကိုင်ထားသော တရိစ္ဆာန်များကဲ့သို့ ယနေ့တွင် နေထိုင်ပြုမူနိုင်ပါသည်။

ကမ်းဘရိတ်တက္ကသိုလ်၌ ဒါဝင်ပါမေကွဖြစ်သော အာဒံ ဆီွတ်ချ်ဝီ(ခ်) သည် ၁၈၅၉ခုနှစ်တွင် ဇစ်မြစ်စာအုပ်ကို ဖတ်ရှုပြီး၊ ဇစ်မြစ်နှင့်အတူ ချက်ခြင်းပင် ဝေငှခဲ့သည်။ "ထိုအရာသည် ကျွန်ုပ်၏ ကိုယ်ကျင့်တရားမြည်းစမ်းခြင်းကို ကြီး မားစွာဖြင့် တုန်လှုပ်သွားစေပြီး၊" ထို စာပိုက်၌ရှိသော နိမိတ်ပြုသော သက်သေ ကိုဖော်ပြရှင်းထားခဲ့သည်ဟု သူ၏ ကျောင်းသားဟောင်းများကို ပြောဆိုခဲ့သည်။

ကိုယ့်ကျင့်တရားနှင့်သဘာဝတရား၏ဖြစ်တည်မှု အစိတ်အပိုင်းအပါ အဝင် ကိုယ်ခန္ဓာပိုင်းဆိုင်ရာလည်း ရှိပါသည်။ ဤအရာကို ငြင်းပယ်သောသူ သည် ရှုးမိုက်သော ရှုံ့နှံ့ထဲ၏ အောက်တွင် ရှိသောသူဖြစ်ပါသည်။ ထို သရဖူ နှင့် အင်္ဂါအစိတ်အပိုင်နှင့်ဆိုင်သော သိပ္ပံပညာ၏ ဘုန်းတန်ခိုးသည် နောက်ဆုံး အကြောင်းတရားအားဖြင့် ဖြစ်ပြီး၊ ရုပ်ဝတ္ထုမှ အကျင့်စရိုက်သို့ ဆက်သွယ်ထား သည်။ ထိုဆက်သွယ်မှုကို သင်လစ်လျူရှုခဲ့လိမ့်မည်။ သင့်၏အဓိပ္ပါယ် မများယွင်း ခဲ့လျှင်၊ သင်သည် ထိုအရာကိုချိုးဖြတ်ရန် ၁ခု သို့မဟုတ် ၂ခုရှိသောသန္ဓေသား အခြေအနေကို အကောင်းဆုံးပြုလုပ်ပြီးစီးခဲ့မည်။ ထိုအရာကို ချိုးဖြတ်ပစ်ရန် ဖြစ်နိုင်သောအရာများဖြစ်သည်။ (ထိုအရာများမဟုတ်သောကြောင့် ဘုရားသ ခင်ကို ကျေးဇူးတင်သည်) ကျွန်ုပ်နှလုံးသားထဲမှာရှိသော လူသားဆန်ခြင်းသည် ထိုအရာ၏ လူမဆန်သော ပျက်ဆီးခြင်း၏ဒဏ်ကိုခံစားရပြီး၊ အဆင့်အတန်း အလွန်နိမ့်ကျခြင်းထဲသို့ လူသားမျိုးနွယ်နစ်မြုပ်ပြီးနောက် ယခင်ကတည်းက ကျဆုံးခဲ့ပြီးသော အရာထဲသို့ မှတ်တမ်းတင်ထားသောအရာများသည် ထိုအရာ ၏ သမိုင်းကြောင်းကို ကျွန်ုပ်တို့အား ပြောပြနေသည်။

ဒါဝင်မောင်နှင်ခဲ့သော ဂျာမန်တို့၏ မျိုးဖြုတ်သတ်ဖြတ်ခြင်းသည် လူသားများ ဘုရားသခင်ကို မေ့လျော့ခြင်းနှင့် ငြင်းပယ်သောအချိန်တွင် ဖြစ်ပျက် လာနိုင်သော သရုပ်ဖော်မှု ပင်ဖြစ်ပါသည်။ အားနည်းချက်ဖြစ်ပျက်လာသော အချိန်သည် များပြားလှသော အမှား၊ မိုက်မဲခြင်းနှင့် သေစေနိုင်သော အတွေးများတို့ထဲ၌ အပြေးအလွှားဝင်ရောက်လာရန် ဖန်တီးခြင်းပင် ဖြစ်ပါ သည်။ လူသားအားလုံးထံသို့ မှန်ကန်သောအသက်ပင်ကိုပေးသောသူသည် ငြင်းပယ်ခြင်း၊ အမှားအယွင်းရှိသူအဖြစ်ခံရပြီး၊ ရှက်ဖွယ်ရာကောင်းသောဖြစ် ရပ်သည် လျှင်မြန်စွာဖြင့် နောက်သိုလိုက်လာနိုင်ပါသည်။